ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၆၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၀ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့(၆၀)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၅)ဦး ရှိပြီး ဒီကနေ့အစည်းအဝေးကို (၁၅၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၃.၄၉) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဒွေးရယ်၊ ကယား(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကော်မတီအစည်းအဝေး။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ငင်းအတိုင်း။ ဦးလျှုကွယ်ရှို၊ ရှမ်း(၁၁)၊ ငင်းအတိုင်း။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ငင်းအတိုင်း။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ငင်းအတိုင်း။ ဦးဆန်းရယ်၊ ကယား(၅)၊ ငင်းအတိုင်း။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ငင်းအတိုင်း။ ဗိုလ်မှူးကြီး ဝင်းလွင်ဦး၊ တပ်မတော်၊ ကော်မတီ အစည်းအဝေး။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ငင်းအတိုင်း။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကော်မတီအစည်းအဝေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကော်မတီအစည်းအဝေး။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ငင်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ငင်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ငင်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ငင်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ငင်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ငင်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ငင်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ငင်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ငင်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ငင်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ငင်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ငင်းအတိုင်း။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကျန်းမာရေးဆေးစစ်။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကျန်းမာရေးဆေးစစ်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကော်မတီအစည်းအဝေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၆၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၇)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်တို့ အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် လွှတ်တော်က အတည်ပြုကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော် တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ၂၀၁၅ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ဘယ်လာရုစ်နိုင်ငံ မင့်ခ်စ်မြို့၌ အင်္ဂလိပ်ဘာသာဖြင့် အပြန်အလှန် လက်မှတ်ရေးထိုးခဲ့ခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေး တင်ပြပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေး၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်နားလည်မှုရှိရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး၊ နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့်လူသားချင်း စာနာထောက်ထားမှုကိစ္စရပ်များအပေါ် ဘက်စုံနားလည်မှုများ လေးနက်

စေရေးနှင့် နှစ်နိုင်ငံလွှတ်တော်တို့၏ အပြုသဘောဆက်ဆံဆောင်ရွက်မှုနှင့် ဆက်သွယ်မှုတို့ကို ရည်ရွယ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုး ခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းကို အတည်ပြုရန်

လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသား လွှတ်တော်နှင့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ၇-၄-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ အဆိုတင်သွင်း ပြီး ၁၉-၅-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သောပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့်အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၂-၆-၂၀၁၅ ရက် (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီးရေနစ် မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်း သယ်ယူရေး စီမံကိန်း၊ မဟာစီမံချက် (Master Plan Of River Water Conveyance Scheme) ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီးရေနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်း သယ်ယူရေး စီမံကိန်း၊ မဟာစီမံချက် (Master Plan Of River Water Conveyance Scheme) ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၁၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးငွေမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၉။**

**ဦးငွေမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာတို့ဖြင့် ပြည့်စုံပါစေလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁-၆-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီး ရေနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်း သယ်ယူရေး စီမံကိန်း၊ မဟာစီမံချက် (Master Plan

Of River Water Conveyance Scheme) ချမှတ်အကောင်အထည်ဖော်နိုင်ရန် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ အဆိုရှင် ဖော်ပြထားတဲ့ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်းဒေသဖြစ်တဲ့ ဝမ်းတွင်းမြို့နယ်နှင့် သာစည်မြို့နယ် မဲဆန္ဒနယ်ကို ကိုယ်စား ပြုတဲ့ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့ ဇာတိသား ဖြစ်ပါတယ်။ အဲဒါဖြစ်တဲ့အတွက်ကြောင့် နွေရာသီ၊ ခြောက်သွေ့ရာသီများတွင် ဆည်ရေသောက်ဧရိယာများဆည်ရေလုံလောက်မှုမရရှိနိုင်မှု၊ လူသုံးရေ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သုံးရေပြတ်လပ်မှုတို့ကို သင့်တင့်စွာပင် ရရှိနိုင်ရန် ခက်ခဲမှုတို့ကို ကိုယ်တိုင်ကိုယ်ကျ ခံစားနေရသူလည်း ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး တစ်ခုလုံးအနေနဲ့ ဖြန့်ကြက်ပြီးတော့မှ သောက်သုံးရေမရရှိရေးကို ဆက်စပ်ပြီး ဆွေးနွေးခြင်းမပြုဘဲ ကျွန်တော်နှင့် တိုက်ရိုက်သက်ဆိုင်နေတဲ့ ဝမ်းတွင်းမြို့၊ မိတ္ထီလာခရိုင်၊ နောက် ဆက်စပ် နေတဲ့ ရမည်းသင်းခရိုင်၊ ဆည်ကန်များရဲ့ ရေဝင်ရောက်မှုတို့ကို၊ မိုးရွာသွန်းမှုတို့ကို ကျွန်တော်တို့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆည်ရေကန်များ ရေဝင်ရောက်မှုအခြေအနေ၊ မိုးရွာသွန်းမှု အခြေအနေ စိုက်ပျိုးရေးအခြေအနေ စသည်တို့ကို ခြုံငုံဆွေးနွေးသွားမယ်ဆိုလို့ရှိရင် မိတ္ထီလာခရိုင်ဟာ ယခင်က ဆည် မြောင်း၊ ကန်၊ ချောင်းများ တစ်နှစ်ပတ်လုံးရှင်သန် စီးဆင်းနေခဲ့ပါတယ်။ ရေလှောင် တမံများ၊ ရေလှောင်ကန်များ၊ များပြားစွာရှိတဲ့ ခရိုင်လည်း ဖြစ်ပါတယ်။ နောက်တစ်ပိုင်တစ်နိုင် ကျေးရွာများမှ ထိန်းသိမ်းထားတဲ့ ကန်ငယ်၊ ဆည်ငယ်များ အမြောက်အမြားရှိတဲ့ ခရိုင်လည်း ဖြစ်ပါတယ်။

ယခုမူ အဆိုပါ ရေလှောင်ကန်များ၊ ဆည်ငယ်များ၊ ကန်ငယ်များဟာ နှစ်စဉ် မိုးရွာသွန်းမှုဟာ တစ်နှစ်ပြီး တစ်နှစ်ပုံမှန်အောက် ရွာသွန်းခြင်း၊ ရွာသွန်းချိန်ကာလ စောခြင်း၊ ရွာသွန်းချိန်ကာလ နောက်ကျခြင်း၊ မိုးရွာသွန်းရက်များဟာ တစ်ကြိမ်နဲ့ တစ်ကြိမ်ကွာခြား ပြတ်တောက်ခြင်းတို့ကြောင့် မိုးရွာသွန်းမှုပုံစံမှာလည်း နှစ်စဉ်ပြောင်းလဲလာတဲ့အတွက်ကြောင့် ရာသီဥတု ဖောက်ပြန်မှုဒဏ်များကို ပြည်သူအများ ခံစားလျက်ရှိတာကို တွေ့ရပါတယ်။ နိုင်ငံတော်နဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ ၊ လူမှုရေး အဖွဲ့အစည်းများဟာ မြေအောက် စက်ရေတွင်းများ တူးဖော်ခြင်း၊ လူသုံးရေအတွက် ရေကုသိုလ်များ ရယူဖြန့်ပေးခြင်း စသည်တို့ကို နှစ်စဉ်ခြောက်သွေ့ရာသီများမှာ ကြုံတွေ့ရတဲ့ ပုံမှန်လုပ်ငန်းသဘော အနေနဲ့ ဆောင်ရွက်နေတာကိုလည်း တွေ့ရှိပါတယ်။ အမှန်တော့ ၎င်းတို့ဟာ ယာယီရေတို စီမံချက်ဖြင့် ကုစားတဲ့ လုပ်ရပ်များသာ ဖြစ်ပါတယ်။ ရေရှားပါးမှုထိခိုက်မှုကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်း မရှိဘူးလို့ ကျွန်တော်တို့ သုံးသပ်မိပါတယ်။

ဒါ့အပြင် လူမှုစီးပွားရေးဘဝ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကျေးရွာသုံး ကန်များရေဖြည့်တင်းပေးရေး၊ စိုက်ပျိုးရေးကန်များ အခက်အခဲရရှိမှုတို့ကို ရာသီဥတုနှင့်ယှဥ်၍ ဖြစ်ပျက်နေတဲ့အတွက်ကြောင့် တစ်စုံတစ်ရာလုပ်ဆောင်ပေးခြင်း မရှိခဲ့ပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မိတ္ထီလာခရိုင်အတွင်းမှာ တည်ဆောက်ပြီး ရေလှောင် တမံ နှင့် ရေလှောင်ကန်များမှာ မိတ္ထီလာမြို့နယ်မှာ (၈)ခု၊ သာစည်မြို့နယ်မှာ (၄)ခု၊ ဝမ်းတွင်းမြို့နယ်မှာ (၅)ခု၊ မလှိုင်မြို့နယ်မှာ (၃)ခု၊ စုစုပေါင်း ရေလှောင်တမံ (၁၅)ခု ရှိပါတယ်။ ရေလှောင်ကန်အနေနဲ့ (၅)ခု ရှိပါတယ်။ ရမည်းသင်းခရိုင်နဲ့ ရမည်းသင်းမြို့နယ် ပျော်ဘွယ်မှာလည်း ရေလှောင်တမံ (၅)ခုနဲ့ ရေလှောင်ကန် (၄)ခုတို့ ရှိတာကို တွေ့ရှိရပါတယ်။၂၀၀၆ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အတွင်း (၉)နှစ်အတွက် ပျမ်းမျှ

မိတ္ထီလာခရိုင်အတွင်းရှိ ရေလှောင်တမံ (၁၅)ခုနှင့် ရေလှောင်ကန် (၅)ခုတို့ကို စုစုပေါင်း ရေဝင်ပမာဏမှာ (၄၁၃၂၀၀)ဧကပေခန့်၊ နောက် ကန်ရေပြည့်ရေလှောင်ပမာဏကို ပြောရမယ်ဆိုရင် (၂၃၄၈၅၀)ဧကခန့် ရှိပါတယ်။ စိုက်ပျိုးသုံးရေအနေနဲ့ ကြည့်မယ်ဆိုရင် (၁၅၈၆၀၀)ဧကခန့်၊ ဆည်ရေများကို စိစစ်ပြီးတော့ အကျိုးပြုဧရိယာများကို တွက်ချက်ကြည့်လိုက်မယ်ဆိုရင် (၁၀၀၄၁၀)ဧကခန့်ပဲ စိုက်ပျိုးနိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် မူလထက် (၂၂)ရာခိုင်နှုန်း လျော့နေတာကို တွေ့ရှိရပါတယ်။

ထိုနည်းတူစွာပဲ ရမည်းသင်းခရိုင်အတွင်းမှာရှိတဲ့ ရေလှောင်တမံ (၅)ခုနှင့် ရေလှောင်ကန် (၄)ခုအတွင်းမှာ ရှိတဲ့ကန်ဟာ (၉)နှစ်အတွင်း ပျမ်းမျှ ရေဝင်ရေကို ကြည့်လိုက်မယ်ဆိုရင် (၉၈၉၀၀)ဧကပေခန့်၊ ကန်ရေပြည့်ရေလှောင်ပမာဏကို တွက်ချက်ကြည့်မယ်ဆိုရင် (၁၁၈၇၀၀)ဧကပေခန့် ရှိပါတယ်။ စိုက်ပျိုးသုံးရေကို တွက်ကြည့်မယ်ဆိုရင် (၈၆၄၇၀)ဧကခန့်ရှိပြီးတော့မှ ရေဖြည့်ပြီး စိစစ်ပြီး အကျိုးပြုဧရိယာမှာ (၃၈၈၇၀)ခန့်ပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ တွက်ကြည့်လိုက်မယ်ဆိုလို့ရှိရင် စိုက်ပျိုးမှုပမာဏက (၂၅)ရာခိုင်နှုန်း လျော့နည်းနေတာကို တွေ့ရှိရပါတယ်။

ကျွန်တော် ဆွေးနွေးလိုတာကတော့ မိတ္ထီလာခရိုင်နဲ့ ရမည်းသင်းခရိုင်တို့ရဲ့ မူလ ရေသောက်ဧရိယာကို ပြည့်မီအောင် ရေဖြည့်ပေးမည်ဆိုပါက ရာသီဥတုဖောက်ပြန်မှုကြောင့် လိုအပ်တဲ့ ရေကို အပြည့်အဝ ဖြည့်ပေးနိုင်မည် မဟုတ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ကျွန်တော်တို့ ၂၀၀၆ ခုနှစ်ကနေ ၂၀၁၄ ခုနှစ် (၉)နှစ်အတွင်း မိတ္ထီလာခရိုင်၊ ခရိုင်အတွင်းမှာဆိုလို့ရှိရင် ပျမ်းမျှအနေနဲ့ တွက်မယ်ဆိုရင် မိုးရွာ ရက်က (၅၄.၃)ရက်ပါ။ မိုးရေချိန်အနေနဲ့ ပြောမယ်ဆိုရင် (၃၂.၇၇)လက်မ ဖြစ်ပါတယ်။ ရမည်းသင်းခရိုင် အတွင်းမှာ မိုးရွာရက်က (၅၉.၅)ရက်ပါ။ မိုးရေချိန်အနေနဲ့ ပြောမယ်ဆိုရင် (၃၃.၈၇) လက်မရှိကြောင်းကို လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တင်ပြပါ မိတ္ထီလာခရိုင်နဲ့ ရမည်းသင်းခရိုင်အတွင်းမှာရှိတဲ့ (၉)နှစ်အတွင်း ပျမ်းမျှ မိုးရွာရက်နဲ့ မိုးရေချိန်တို့ဟာ သိသိသာသာ နည်းပါးနေတာကို တွေ့ရှိရပါတယ်။ ဆည်ကန်များမှာ လည်း ရေဝင်ရောက်မှု နည်းပါးမှုကို တွေ့ရှိရတဲ့အတွက် ဒေသခံတောင်သူများအနေနဲ့ မိုးရေကို မျှော်မှန်းထား သလောက် မှီခိုအားထားနိုင်ခြင်း မရှိတဲ့အပြင် နေရာကွက်ပြီးတော့ ဆည်ကန်များဟာလည်း စိုက်ပျိုးရေ၊ လူသုံးရေ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သုံးတဲ့ရေကို လုံလောက်စွာ ဖြန့်ဝေပေးနိုင်ခြင်း မရှိတဲ့ အခြေအနေ ပေါ်လျက်ရှိတာကို တွေ့မြင်ရပါတယ်။ အဲဒီအတိုင်းပါပဲ။ မိတ္ထီလာနဲ့ရမည်းသင်းခရိုင်တို့သာ မဟုတ်ပါဘူး။ မြန်မာပြည်အလယ်ပိုင်းမှာရှိတဲ့ မြင်းခြံ၊ ညောင်ဦး၊ ကျောက်ဆည်၊ စစ်ကိုင်း၊ ပခုက္ကူစတဲ့ ခရိုင်များမှာလည်း ဒီလို အလားတူ ဖြစ်ပျက်မှုတွေ ကြုံတွေ့နေရတာကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို မြန်မာနိုင်ငံအလယ်ပိုင်းမှာ၊ မိုးခေါင်ရေရှား ရပ်ဝန်းဒေသမှာ မိုးခေါင်ခြင်း၊ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းများတွင် မိုးရွာသွန်းခြင်းတို့ဟာ သင့်တင့်မျှတစွာဖြင့် ရွာသွန်းမှု မရှိသည်တို့ကို မီးမောင်းထိုးပြခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ အရှေ့တောင်ပိုင်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်အတူ ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိဒေသများမှာလည်း မိုးရာသီမှာ ရေကြီး ရေလွှမ်းမှုဒဏ်များ ခံရပါတယ်။ မိုးနှောင်းခြောက်သွေ့ရာသီမှာတော့ နွေရာသီကာလများမှာ စိုက်ပျိုး ထားတဲ့ လယ်ဧကဟာ သိန်းနဲ့ သန်းချီပြီးတော့မှ ရှိတဲ့အတွက်ကြောင့် ဆည်ကန်ရေများမှ ရေရရှိခြင်း မရှိတဲ့အတွက်ကြောင့် နှစ်စဉ်ကြုံတွေ့နေရတာကို တွေ့ရပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှု

နှင့် ဘက်စုံဖွင့်ရန်၊ လုပ်ကိုင်ရန် မဖြစ်နိုင်ဘဲနဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ ဆိုတာလည်း အလွန်ခဲယဥ်းကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် ကျွန်တော် ဆွေးနွေးတင်ပြချက်ပါ အချက်များအရ ရေတိုစီမံကိန်းဖြစ်တဲ့ ကိစ္စရပ်များ ပေါ်ပေါက်လာချိန်တွင် ဖြေရှင်းခြင်းနှင့်အတူ အမျိုးသားအကျိုးစီးပွား တိုးတက်မှုကို ရေရှည်အာမခံနိုင်တဲ့ ရေရယူသုံးစွဲရန် နှစ်စဥ် စီးဝင်ရေ ပေါများကြွယ်ဝတဲ့ သံလွင်မြစ်မှ ရေလွှဲပြောင်း သယ်ယူရေး မဟာစီမံကိန်းဟာ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားဒေသကြီးနှင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်များအတွင်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးမှုအတွက် ရေရရှိရေး၊ မိုးရာသီ ရေကြီးရေလျှမ်းမှု ကာကွယ်ရေး၊ စိုက်ပျိုးရေးအတွက် ထုတ်ပေးရေနှင့်အတူ ရေအားလျှပ်စစ်ပါ သုံးစွဲနိုင်ရေး၊ ဒေသခံ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရေး စတဲ့အကျိုးတရားများ ရရှိမှာဖြစ်ပါတယ်လို့ ကျွန်တော် သုံးသပ်မိပါတယ်။

ဤသို့လုပ်ဆောင်ရန်မှာ စီမံကိန်းဒေသမှာ အဖက်ဖက်မှ အခြေအနေပေးမှု၊ ကျွမ်းကျင်မှု ဆိုင်ရာ၊ ဘဏ္ဍာငွေကြေးဆိုင်ရာ အခြေအနေပေးမှု၊ နှစ်ရှည်လျာထားရမည့် စီမံကိန်း ဖြစ်မြောက်မှု၊ ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံး လုပ်ဆောင်နိုင်မှု စသည်တို့အပေါ်မှာ မူတည်နေတယ်ဆိုတာ ကျွန်တော် နားလည်ပြီး ဖြစ်ပါတယ်။ ဆက်သွယ်သွားလာမှု လွယ်ကူ၍ ဆူလွယ်၊ နပ်လွယ် စီမံကိန်း လုပ်ငန်းများကိုသာ အစဥ်တစိုက် လုပ်ကိုင်လာမှုကြောင့် ယခုအဆိုရှင် တင်ပြပါ စီမံကိန်းရဲ့ဖြစ်မြောက် နိုင်စွမ်းနဲ့ ခက်ခဲစွာ အကောင်အထည်ဖော်နိုင်မှု စသည်တို့ကို ရင်ဆိုင်ကျော်လွှား ကြိုးစားရမည်လို့ ကျွန်တော်တို့ သုံးသပ်မိပါတယ်။

ကျွန်တော်တို့ ဒီအဆိုရှင် တင်ပြတဲ့အချက်ကို ပြန်လည်ပြီး ပြောပြရမယ်ဆိုလို့ရှိရင် သံလွင်မြစ်ရေထဲမှာ ရေစီးဝင်နိုင်မှုကို အဆိုရှင်က တင်ပြသွားပါတယ်။ တရုတ်နိုင်ငံမှ သံလွင်မြစ်ရေထဲကို ရေစီးဝင်မှုဟာ (၁၄၈)သန်းဧကပေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျရောက်တဲ့ဒေသ ရေစီးဝင်မှုဟာ (၈.၆၈)သန်း ဖြစ်ပြီးတော့မှ အားလုံး (၁၅၆.၈)သန်းဧက၊ တစ်နည်းပြောမယ်ဆိုရင် (၁၅၇)သန်း ဧက သံလွင်မြစ်ထဲကို စီးဝင်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့ ဒီ မြန်မာပြည်အလယ်ပိုင်းမှာရှိတဲ့ မိုးခေါင် ရေရှားဒေသမှာရှိတဲ့ ဆည်၊ ကန်တွေအားလုံးရဲ့ ကျွန်တော်တို့ ရေလှောင်မှုပမာဏကို ပြောမယ်ဆိုလို့ရှိရင် (၄.၅)သန်းခန့်သာ ရှိပါတယ်။

ဒီထဲမှာ ကျွန်တော်တို့ ရဲရွာရေလှောင်တမံက (၂.၁၁)သန်း လှောင်နိုင်တာဖြစ်တဲ့ အတွက် ကြောင့် ကျွန်တော်တို့ ဒီ သံလွင်မြစ်ကနေပြီးတော့မှ ရေကဲ့ယူမယ်ဆိုလို့ရှိရင် (၄.၅)သန်းဧကပေ ဖြစ်ပါ တယ်။ အဲဒါကို ကျွန်တော်တို့က Percentage တွက်ကြည့်လိုက်မယ်ဆိုလို့ရှိရင် ရေကဲ့ယူမယ့် ပမာဏ ဟာ အလွန်များပြားတဲ့ သံလွင်မြစ်ရေဟာ (၁၅၇)သန်းဧက ပေကနေပြီးတော့မှ ဒီဘက်ကို (၄.၅)သန်း ဧကပေပဲ ကျွန်တော်တို့ ကဲ့ယူမယ်ဆိုလို့ရှိရင် Percentage တွက်မယ်ဆိုလို့ရှိရင် (၂.၈)ပဲ ရှိပါတယ်။ တစ်နည်းပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရေဂါလံ(၁၀၀)ဖြတ်စီးတိုင်း ဖြတ်စီးတိုင်း (၂.၈)ဂါလံပဲ ဒီဘက်ကို ကဲ့ယူမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ရေယူမှုဟာလည်း လျော့နည်းနေမည် မဟုတ်ဘူး ဆိုတာလည်း သိပါတယ်။ တကယ်လို့ အဲဒီလိုသာ ဒီစီမံကိန်းကြီးဟာ အကောင်အထည် ဖော်မယ်ဆိုလို့ ရှိရင် ကျွန်တော်တို့ မြန်မာပြည်အလယ်ပိုင်းမှာရှိတဲ့ (၁၅.၅၄) ကျွန်တော်တို့ သိန်းဧက လယ်တွေဟာ ဆိုလို့ရှိရင် ရေအောင်၊ မိုးအောင် ဖြစ်ပြီးတော့မှ ကျွန်တော်တို့ ကြွယ်ဝချမ်းသာလာမှာဖြစ်ပါတယ်။

အဲဒီလို စီမံကိန်းကြီးသာအောင်မြင်ခဲ့မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရှမ်းပြည်နယ် မြောက်ပိုင်းကနေပြီးတော့မှ ဒီရေဟာ စီးဆင်းလာမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီရေကို ကြည့်ပြီးတော့မှ ရှမ်း ပြည်နယ်မြောက်ပိုင်းမှာရှိတဲ့ လူတွေကလည်း ရေအကျိုး(၁၀)ပါး ကျွန်တော်တို့ ဆုမတောင်းဘဲ ပြည့်တဲ့အပြင် ကျွန်တော်တို့ မြန်မာပြည်အလယ်ပိုင်းမှာရှိတဲ့ လူတွေကလည်း ကြွယ်ဝချမ်းသာပြီးတော့မှ အစစ အရာရာ စီးပွားရေးအဆင်ပြေလာမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီစီမံကိန်းကြီးသာ ပြုဆောင်ခဲ့မယ်ဆိုလို့ရှိရင် ဒါ လူ၊ နတ် ချမ်းသာပေါ့လေ။ ဒီ အစစအရာရာ သာယာဝပြောမယ့် အခြေအနေရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစီမံကိန်းကြီးဟာ နှစ်စဉ်ခက်ခဲစွာ လုပ်ဆောင်ရမယ့်စီမံကိန်းကြီး ဖြစ်ငြားသော်လည်း ကျွန်တော်တို့ အဆင့်လိုက် စူးစမ်း လေ့လာမှုများပြုရင်း တည်ဆောက်မှုများကို ဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့ ချမ်းသာ ကြွယ်ဝပြီး တော့မှ အရာရာတိုးတက်လာမှာဖြစ်တဲ့အတွက်ကြောင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) ဦးမျိုးမြင့် ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ကျွန်တော်တို့ တင်ပြရင်းနဲ့ နိဂုံးချုပ်ပါ တယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ပညာရှင်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်း ကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

ဒီနေ့ ဦးမျိုးမြင့် မန္တလေးတိုင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ တင်ပြတဲ့ မြန်မာ နိုင်ငံအလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသကြီးများတွင် နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီးရေနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်း သယ်ယူရေးစီမံကိန်း၊ မဟာစီမံချက် (Master Plan Of River Water Conveyance Scheme) ချမှတ်အကောင် အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ဝေဖန် ဆွေးနွေးသွားပါမယ်။ Slide တစ်ခု ပြပေးပါ။ အဲဒီ Slide အရ ဆိုရင်တော့ ဒါဟာ စံနမူနာ ယူလောက်တဲ့ တရုတ်ပြည်ရဲ့စီမံကိန်း၊ မိုင်ပေါင်း ထောင်နဲ့ချီပြီးတော့ ရေကိုမြစ်တစ်ခုကနေ တစ်ခုကို သယ်သွားတယ်။ တစ်နေရာမှ တစ်နေရာကို အကျိုးပြုလုပ်သွားတယ်။

အဲဒီတော့ သူတို့လုပ်တာ အခု မပြီးသေးဘူး၊ အဲဒီတော့ ဘယ်လောက်အကျိုးရှိမလဲဆို။ ဒါ ကျွန်တော်တို့ ဆက်လေ့လာဖို့လိုပါတယ်။ နောက်သူတို့နိုင်ငံအစိုးရနဲ့ ကျွန်တော်တို့နိုင်ငံအစိုးရချင်းမ တူဘူး။ သူတို့နိုင်ငံကဝန်ထမ်းနဲ့ ကျွန်တော်တို့နိုင်ငံကဝန်ထမ်းလည်း မတူဘူး။ သူတို့နိုင်ငံရဲ့ ဥပဒေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဥပဒေဟာ မတူဘူး။ သူတို့နိုင်ငံမှာ အကျင့်ပျက်ချစားမှုဆိုရင် ပြင်းထန်တဲ့

အရေးယူမှု ရှိတယ်။ တကယ့်ကိုလည်း အရေးယူတယ်။ သေဒဏ်ထိ ပေးတာလည်းရှိတယ်။ ကျွန်တော်တို့နိုင်ငံမှာ မလုပ်နိုင်ဘူး။ အဲဒီတော့ စီမံကိန်းကြီးကြီး ကျွန်တော်တို့ ချလည်း ဗီးသီးဗန်းများများ မှောက်လေ ဖြစ်မလား။ ဒါလည်း ကျွန်တော်တို့ အများကြီး စဉ်းစားဖို့လိုတယ်။ တရုတ်ပြည်နဲ့ ကျွန်တော်တို့ဟာက အတိအကျ ပုံတူယူလို့တော့ မဖြစ်ဘူးလို့ ပထမ(၁)ချက်အနေနဲ့ ဆိုချင်ပါတယ်။

နောက်တစ်ချက်အနေနဲ့ ကျွန်တော့်အနေနဲ့ဆိုရင် ဘာလဲဆိုတော့ ဒီလယ်ယာစိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေးကုန်ထုတ်အတွက် ရေဟာ တကယ်မရှိမဖြစ် အင်မတန် အရေးကြီးလိုအပ်တယ်။ ကျွန်တော်တို့ လယ်စိုက်ပျိုးတာချည်းပဲမကဘူး၊ ခြံဥယျာဉ်လုပ်တာလည်း ရေအင်မတန်အရေးကြီးတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ အသီးအနှံကို စိုက်မယ်၊ တစ်နှစ်လုံးသီးစေချင်ရင် ကျွန်တော်တို့က လိုသလောက်ရေကို ပေးနိုင်ရမယ်၊ မြေဩဇာလည်းပေးနိုင်ရမယ်၊ ရေလည်းလိုအပ်သလောက်ပေးနိုင်မှ ရေဖြတ်တဲ့အချိန်ဖြတ်မယ်၊ ပေးတဲ့အချိန်ပေးမယ်။ အဲဒီလို ရေကိုလိုအပ်သလောက် အသုံးချနိုင်မှ အသီးအနှံကောင်းကောင်းထွက်နိုင်မယ်။

အခု သူများနိုင်ငံက အသီးအနှံကောင်းကောင်း ကျွန်တော်တို့ တိုင်းပြည်ကို ဝင်နိုင်တာက ဘာလဲဆိုရင် ရေ အင်မတန် အရေးကြီးတယ်။ ကျွန်တော်တို့လည်းပဲ အဲဒီလို အင်မတန် အရေးကြီးပါတယ်။ ဒါကို ကျွန်တော်တို့ မြင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ အထူးသတိထားစရာ အများကြီးရှိတယ်။ အခု Slide No,5 ကို ပြပေးပါ။ အဲဒီတော့ ကျွန်တော်တို့ အခု သံလွင်မြစ်ကနေပြီးတော့ ဒီရှမ်းပြည်မြောက်ပိုင်းကနေပြီးတော့ အဲဒီမြစ်အတိုင်း ယူချလာမယ်ဆိုရင် လိုဏ်ဂူက မိုင်(၅၀)ကျော်၊ မြေအောက် လိုဏ်ဂူဖောက်၊ အဲဒါ အင်မတန် ကြီးမားတဲ့တန်ဘိုး၊ နောက်ပြီးတော့ လုပ်ငန်းပိုင်းအနေနဲ့ အင်မတန်ကြီးလေးတဲ့လုပ်ငန်း၊ သေကြေမယ်၊ ထိခိုက်ဒဏ်ရာရမယ်ဆိုတာ အများကြီး ရှိနိုင်သေးတယ်။ ဒါကတော့ ထားလိုက်တော့။ ကျွန်တော်တို့ သုံးနိုင်တယ်ဆိုရင်။ အင်မတန်မှ ကြီးမား တဲ့လုပ်ငန်း မိုင်(၅၀)ကျော်တဲ့ ဥမင်လိုဏ်ခေါင်းကို ဖောက်မယ်ဆိုရင်။

နောက်ပြီးတော့ တစ်ခုက ဘာလဲဆိုတော့ ဒီ ရှမ်းပြည်မြောက်ပိုင်းကနေပြီးတော့ ရေကို ဒီဘက်ကို လွှဲချလာမယ်ဆိုရင် ရှမ်းပြည်မြောက်ပိုင်း၊ ရှမ်းပြည်အလယ်ပိုင်း၊ တောင်ပိုင်း၊ ရှမ်းပြည်ရဲ့ (၇၅)ရာခိုင်နှုန်းနဲ့ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွက် ဒီသံလွင်မြစ်ရဲ့ စီးဆင်းလာတဲ့ ရေဟာ ဘယ်လောက်လျော့ကျသွားမလဲဆိုတာ ဒါ ဘယ်ပညာရှင်မှ မတွက်တတ်သေးဘူး။ ကျွန်တော်တို့လည်း မတွက်တတ်သေးဘူး။ ဒါပေမဲ့အကြမ်းဖျင်းတွက်ကြည့်မယ်ဆိုရင်တော့ ဒီ ပြည်နယ်(၄)ခုကို ဖြတ်လာမယ့် သံလွင်မြစ်ရေဟာ လျော့ကျသွားမှာ သေချာတယ်။

အဲဒီတော့ သဘာဝပြောင်းလဲမှုက အများကြီးထိခိုက်နိုင်တယ်။ အထိခိုက်ဆုံးက မွန်ပြည်နယ်၊ ကရင်ပြည်နယ် အထိခိုက်ဆုံးပဲ။ မွန်ပြည်နယ်က ပိုထိနိုင်တာ ဘာလို့လဲဆိုရင် ရေငန်များလာပြီးတော့ ကျွန်တော်တို့ စိုက်ပျိုးနေတဲ့ လယ်ယာမြေတွေ ပျက်စီးနိုင်တဲ့အခြေအနေရှိတယ်။ အဲဒါ တစ်ချက်။ နောက်တော့ ဖြစ်သင့်တာက ဘာလဲဆိုတော့ ရေကို ကျွန်တော်တို့ သုံးချင်တယ်ဆိုရင် လျှပ်စစ်ထုတ်လုပ်ဖို့ ရေအင်မတန် အကျိုးရှိတယ်။ စိုက်ပျိုးရေးအတွက်အပြင်ကို လျှပ်စစ်ကိုထုတ်လုပ်ပြီးတော့ နိုင်ငံရဲ့ဖွံ့ဖြိုးရေးအတွက် အင်မတန် အရေးကြီးတယ် လျှပ်စစ်ကို ကျွန်တော်တို့ အပြည့်အဝ ထုတ်နိုင်ဖို့အရေးကြီးတယ်။ လျှပ်စစ်ကို ထုတ်တဲ့တမံဆိုရင် ရေလျော့သွားတာ မရှိဘူး။ ရေက အကုန်လုံး သူ့မြစ်ကြောင်းအတိုင်း သူပြန်ဆင်းတယ်။ ဘယ်နှစ်ဆင့်ပဲ တမံ တုတ်တုတ် ဒီသံလွင်မြစ်ကြောင်း

တစ်လျှောက်မှာ တမံ ထပ်ခါထပ်ခါ တုပ်ပြီးတော့ လျှပ်စစ် ထပ်ခါထပ်ခါ ထုတ်၊ အဲဒီရေကို ပြန်လွှတ်ချ နေတယ်ဆိုရင် ဒီသံလွင်မြစ်ကို အမှီပြုနေတဲ့ ပြည်နယ်တွေ၊ ဒေသတွေ ရေလျော့ပါးသွားခြင်းမရှိဘူး။ ရေလမ်းကြောင်းတောင် အကျိုးရှိရင်ရှိမယ်။ အဲ တစ်ခုတော့ရှိတယ်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ် ဘက်မှာ လာကျတဲ့နှုန်းက လျော့သွားမယ်။ ဒါ တစ်ခုပဲ ရှိမယ်။ ရေက မလျော့ပါဘူး။ ထိခိုက်မှု သိပ်မရှိ ဘူး။

အဲဒီတော့ ဒီ ရေလွှဲတဲ့ စီမံကိန်းဟာ ထိုင်းလည်းပဲ မျက်စိကျတယ်။ သောင်ရင်းမြစ်ဆိုတာ အဲဒီ ကျွန်တော်တို့ ထိုင်း၊ မြန်မာနယ်ကြားမှာရှိတဲ့ သံလွင်မြစ်လက်တက်တစ်ခု၊ အဲဒီ မြစ်လက်တက် ကနေပြီးတော့ တမံတုတ်လိုက် မြစ်ရေတက်လာတဲ့အခါကျတော့ ထိုင်းက ရေဝယ်မယ်။ သူတို့ ဟိုမှာ ရှိတဲ့ တမံထဲကိုဝင် သူတို့ရဲ့ လျှပ်စစ်ထုတ်လုပ်ရေးကို ပိုအကျိုးပြုမယ်၊ နောက်ပြီးတော့ သူတို့ရေကို စိုက်ပျိုးရေးရော၊ ဘာရော အကုန်လုံး သူတို့သုံးမယ်။ အဲဒီအတွက်ကို ကျွန်တော်တို့က ရောင်းမယ် ဆိုရင် ဒါလည်း ကျွန်တော်တို့ ရတဲ့အမြတ်နဲ့ ကျွန်တော်တို့ရတဲ့ငွေကြေးနဲ့ ကျွန်တော်တို့ရဲ့ သဘာဝ ထိခိုက်မှုရယ်၊ ကျွန်တော်တို့ရဲ့နစ်နာမှု ဒီ ဒေသခံတွေရဲ့ နစ်နာမှုနဲ့ တွက်ကြည့်မယ်ဆိုရင် ဒါလည်း မကိုက်ညီဘူး။ အဲဒီမကိုက်ညီတဲ့ ခုနတုန်းက ထိုင်းက မြစ်လက်တက်တစ်ခု ငယ်ငယ်လေး။ အခု ဒီမှာရေလွှဲချမှာက တကယ့် သံလွင်မြစ်မကြီးကနေ ရေလွှဲချမှာဆိုတော့ ဘယ်လောက်ထိခိုက်မလဲ။ ဒါ ကျွန်တော်တို့ စဥ်းစားစရာ။

နောက်ပြီးတော့ ဒီအလယ်ပိုင်း ခြောက်သွေ့တဲ့ မြန်မာပြည်ဟာ ဘယ်သူ့မြစ်ဝှမ်းလဲ။ ချင်းတွင်း မြစ်ဝှမ်း၊ ဧရာဝတီမြစ်ဝှမ်း၊ စစ်တောင်းမြစ်ဝှမ်း။ အဲဒီ မြစ်ကြီး(၃)သွယ်ကနေပြီးတော့ ကျွန်တော်တို့က မိုးတွင်းမှာ ရေကို ရအောင်လှောင်၊ ရေပေါတဲ့အချိန်မှာ ရေကိုလှောင်ထား။ ဒါ ဒီ စီမံကိန်းကို အဲဒါမျိုး ကို စဥ်းစားဖို့ ကျွန်တော် အကြံပြုချင်ပါတယ်။ ချင်းတွင်းမြစ်ကရေ၊ ဧရာဝတီမြစ် ကရေ၊ စစ်တောင်း မြစ်ကရေ၊ အဲဒီ မြစ်ငယ်ထဲကရေတွေ အားလုံးဟာ မိုးတွင်းမှာဆို အများကြီး ပိုမယ်၊ လျှံမယ်။ မန္တလေးမှာတောင် ရေလာကြီးသေးတာပဲ။ အဲဒီ ရေကြီးတာ၊ ရေပိုတာ၊ ရေလျှံတာကို ဒီအလယ်ပိုင်းမှာ ပူပြင်းတဲ့ နေရာမှာတောင်မှ ကယ်ဆယ်ရေးသွားနေရတယ် မိုးတွင်းအချိန်မှာ၊ မိုးမရွာတဲ့ နေရာတောင်မှ ရေတွေအများကြီးပိုတာ။ အဲဒီ မိုးတွင်းမှာ ရေပိုတဲ့အချိန်၊ ရေများတဲ့အချိန်၊ ရေလျှံတဲ့အချိန် လှောင်ထား ဖို့၊ အဲဒီမှာ လှောင်ပြီးတော့ လိုအပ်တဲ့အချိန် ကျွန်တော်တို့ ထုတ်သုံးနိုင်ဖို့ ဒီစီမံကိန်း မျိုးကို စဥ်းစားပါ။ စဥ်းစားသင့်တယ်။ စဥ်းစားကို စဥ်းစားရမယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ဟိုဥစ္စာ ကုန် ထုတ်လုပ်မှုအပိုင်းရော၊ ပြည်သူတွေရဲ့ ဒုက္ခ၊ ဒီရေရှားပါးမှုကြောင့် အတိဒုက္ခကိုလည်း ကူညီနိုင်ဖို့ အတွက်က အဲဒါမျိုးကို စဥ်းစားဖို့၊ နောက်တစ်နည်း စဥ်းစားဖို့ ကျွန်တော် အဲဒါ အကြံပြုချင်တယ်။

ဒီ သံလွင်မြစ်ရေနဲ့ ပတ်သက်ပြီးတော့ ခုနက ယူလိုက်တဲ့အတွက်ကြောင့် သဘာဝပြောင်းလဲ မှု အများကြီးရှိတယ်။ သူ့မြစ်ဝှမ်းအတွက် သုံး၊ သံလွင်မြစ်ကြောတစ်လျှောက်လုံး မြစ်ဝှမ်းအတွက်သုံး၊ လျှပ်စစ်မီးပဲ ထုတ်ထုတ်နော်။ အဲဒါဆိုရင် ရေသိပ်မလျော့ဘူး။ အဲဒီလို လွှဲပြောင်းလာတဲ့ဥစ္စာဟာ ရေအများကြီး လျော့သွားတယ်။ နောက်ပြီးတော့ အတိုင်းအတာဆိုတာ မသိဘူး။ အဲဒီတော့ ပဋိပက္ခဖြစ် နိုင်တယ်။ အဲဒီ ဟိုဘက်က ဒေသကလူနဲ့ ဒီကဒေသကလူ ပဋိပက္ခဖြစ်နိုင်တယ်။ မြစ်ရေခွဲဝေရေး အဆင်မပြေလို့ဆိုပြီး မြတ်စွာဘုရား လက်ထက်ကတည်းက စစ်ဖြစ်ဖူးတာပါ။ နောက်ပြီးတော့ အခြား နိုင်ငံမှာလည်း အဲဒီကို အိန္ဒိယနဲ့ ဘင်္ဂလားဒေ့ရှ်က ပြဿနာဖြစ်ဖူးတာပဲ။ ကျွန်တော်တို့ အချင်းချင်း

လည်းပဲ ဒါဟာမဖြစ်နိုင်ဘူးလို့ မပြောနိုင်ဘူး။ ဒါ ကိုယ့်တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မထိခိုက်နိုင်ဘူးလို့လည်း မပြောနိုင်ဘူး။ ဒါ သံလွင်မြစ်ရေအပေါ်ပိုင်းမှာ ဒီလို လွှဲတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် အကြံပြုချင်တာ မလွှဲသင့်ဘူး။

နောက်ပြီးတော့ ချင်းတွင်းမြစ်၊ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ အဲဒီမြစ်ကြီးတစ်ခုရှိသေးတယ်၊ အဲဒီ အခုပြနေတဲ့ နေရာမှာ အဲဒါ မြစ်ငယ်မြစ်၊ အဲဒီ မြစ်တွေအားလုံးရဲ့ ရေကို မိုးတွင်းမှာ အပြည့်အဝ ကျွန်တော်တို့က လှောင်။ ထိုင်းဘုရင် ပြောတာရှိတယ်။ ဘာလဲဆိုတော့ ကျွန်တော် ဟိုမှာပြောဖူးတယ်။ မျောက်ပါးစောင် စီမံကိန်း မျောက်က သူအစာစားလို့ စားလို့ မကုန်တဲ့ အစာကို သူက ငုံထားတယ် ပါးစောင်မှာ။ အကြီးကြီးပဲ။ အများကြီးငုံထားတယ်။ သူဆာတဲ့အချိန် သူစားနိုင်အောင်၊ အဲဒီတော့ ကျွန်တော်တို့ ဒီ သံလွင်မြစ်အပြင်ကို ချင်းတွင်းမြစ်တို့၊ ဧရာဝတီမြစ်တို့၊ မြစ်ငယ်မြစ်တို့၊ ဇော်ဂျီမြစ်တို့ ဘာမြစ်ပဲဖြစ်ဖြစ် အဲဒီမြစ်ကရေတွေ အလကား မဆုံးရှုံးရအောင် မိုးတွင်း ရေများတဲ့အချိန်မှာ လှောင်လို့ရတဲ့နေရာကို အပြတ်အကြီးအကျယ်လှောင်၊ လှောင်ပြီးတော့ နွေမှာအသုံးချနိုင်တဲ့ မျောက်ပါးစောင် စီမံကိန်းမျိုး ကျွန်တော်တို့ လုပ်ရင်ရပါတယ်။

နောက်တစ်ပိုင်းက ကျွန်တော် ဆွေးနွေးချင်တာ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်မှာ အဆိုရှင်က ပြထားတဲ့ ဆွေးနွေးချက်ကို အဲဒါ ကျွန်တော်ကြည့်လိုက်တယ်။ ဒီစီမံကိန်းက ဘာလဲဆိုတော့ ဇမိရေလွှဲဆည်၊ မအူချောင်း ရေစုပ်စက်စခန်း၊ တောင်စွန်းရေလွှဲဆည်၊ မအူချောင်းတမံ၊ တံခွန်တိုင် ရေစုပ်စက်၊ ဟောင်သရောရေလွှဲဆည်နဲ့ ရေစုပ်စခန်း၊ အဲလို ပတ်ပတ်လည်လုပ်တာ။ ဘာလဲဆိုရင် ရည်ရွယ်ချက်က ကျွန်တော်တို့ သံလွင်မြစ်ရေ၊ အဲဒီဒေသက ရေကြီးတာ သံလွင်မြစ်ရေကြီးပဲ မဟုတ်ဘူး။ ဒီကနေ နယ်ကြားကနေဆင်းသွားတဲ့ အတ္တရံမြစ်တို့၊ ဂျိုင်းမြစ်တို့ အဲဒီမှာ မော်လမြိုင်မြို့နားမှာ သံလွင်မြစ်နဲ့ လာပေါင်း၊ အဲဒီတော့ သံလွင်မြစ်ရဲ့ ရေစီးအရှိန်နဲ့ ဟိုမြစ်ကရေတွေက သံလွင်မြစ်ရေ ခံနေတဲ့အတွက်ကြောင့် သံလွင်မြစ်ထဲကို မဝင်နိုင်တော့ ဒီသံလွင်မြစ်ရဲ့ ပြင်ပ တောင်ဘက်မှာ၊ မြောက်ဘက်မှာ၊ ဒီ အရှေ့ဘက်မှာ ရှိတဲ့ဒေသတွေက အဲဒီမှာ ရေကြီးတယ်။

အဲဒီတော့ ဒီဟာကို ခုနတုန်းက ကျွန်တော်တို့ တမံကလေးလုပ်လိုက်၊ ရေစုပ်လိုက်၊ အဲဒီ ရေစုပ် ရေတင်လုပ်ငန်းက ကျွန်တော်တို့ နိုင်ငံမှာတော့်တော့်ကို ပြဿနာများတယ်။ အဆိုရှင် ကိုယ်တိုင်က လွှတ်တော်ပထမပိုင်းမှာ အများကြီးဆွေးနွေးဖူးပါတယ်။ ရေတင်တဲ့ ကိစ္စ မအောင်မြင်တာ၊ နောက် တမံလုပ်တာ။ ဒါ ကျွန်တော်တို့ နှစ်တိုင်းဆွေးနွေးခဲ့ဖူးပါတယ်။ တမံတစ်ခု တုတ်လိုက်တယ်။ အကျိုးခံစားရမယ့် လယ်မြေဧရိယာက ဧက(၁)သောင်း၊ (၂)သောင်း၊ (၃)သောင်း၊ နောက်တကယ် လုပ်ပြီးတဲ့အခါ ဧက ထောင်နဲ့ပဲလာတယ်။ အဲဒါအများကြီးပဲ ကျွန်တော်တို့ မွန်ပြည်နယ်က ဝင်းဖနုံဆည်ဆိုတာရှိတယ်။ အဲဒါ မုဒုံမြို့နယ်မှာပါတယ်။ ကျွန်တော်တို့ ထပ်ခါထပ်ခါပြောတယ် မပြင်ဘူး။ အဲဒီဆည်လုပ်တာ ရည်ရွယ်ချက်က ဘာလဲဆိုတော့ နွေရာသီလည်း စပါးလုပ်နိုင်အောင်၊ လယ်လုပ်နိုင်အောင်ဆိုတော့ တကယ်တမ်းဖြစ်လာတဲ့ အကျိုးက ဘာလဲဆိုတော့ အဲဒီ ဆည်လုပ်ပြီးတဲ့ နောက်ပိုင်းမှာ လယ် ဧက (၇၀၀၀)ကျော်ဟာ မိုးတွင်းမှာ ရေကြီးတယ်။ ရေစီးမကောင်းဘူး၊ နွေကျတော့ ဆည်ကလာတဲ့ ရေကိုတင်ဖို့ မြောင်းလား၊ ဘာလားလုပ်ထားတာ မရှိတော့ နွေလည်း စပါးလုပ်လို့မရ၊ မိုးလည်း စပါးလုပ်လို့မရ၊ အရင်တုန်းက မိုးတွင်းမှာ စပါးလုပ်လို့ရတယ်။ မိုးတွင်းက အခု ရေနက်သွားတယ်။ ရေများသွားတယ်။ နွေရက်မှာ ရေမရှိဘူး။

အဲဒီတော့ ကျွန်တော်တို့ဆီက ပညာရှင်တွေက မတော်လို့မဟုတ်ဘူး။ ကျွန်တော်တို့ လူမျိုးတွေက မတော်လို့မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဂရုမစိုက်ဘူး။ ပြည်သူတွေ ဒုက္ခရောက်လည်း ဂရုမစိုက်ဘူး။ လုပ်သွားပြီးတော့ မအောင်မြင်လည်း ဘယ်သူမှလည်း အရေးမယူဘူး ဘာဂရုစိုက်စရာလိုလည်း၊ ဇီးသီးဗန်း မှောက်ပြီးသွားပြီ လျှော့ချင်သလောက် လျှော့။ အဲဒီတော့ ဒါ ကျွန်တော်တို့ လက်တွေ့ အဲဒါတစ်ခု။ နောက်ကျန်တဲ့ ဥစ္စာတွေလည်း အများကြီးရှိတယ်။

အဲဒီတော့ ဒီလို စီမံကိန်းကြီးကြီးမျိုး လုပ်မယ်ဆိုရင် ခုန ရေလွှဲတာကအစ ဒီ မွန်ပြည်နယ်၊ ကရင်ပြည်နယ်မှာ လုပ်တာကအစ အင်မတန်မှ တိတိကျကျ တိုင်းထွာ၊ တိတိကျကျဒီဇိုင်းထုတ်၊ နောက်လုပ်တဲ့နေရာမှာလည်း တစ်ခါတည်း ကျွန်တော်တို့ လုပ်လို့ပြီးမှာ မဟုတ်ဘူး။ တစ်ပိုင်းပြီးတစ်ပိုင်း၊ တစ်နှစ်ပြီးတစ်နှစ်၊ တစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော်တို့ လုပ်ရမယ်။ ဥပမာ အိမ်ဆောက်မယ်ဆိုရင် ပထမအဆင့် Foundation ကို ကောင်းကောင်းဆောက်၊ (၁၅)ထပ်ဆောက်မယ်ဆိုရင် (၁၅)ထပ်နဲ့ ကိုက်ညီ တဲ့ Foundation ကို ကျွန်တော်တို့ဆောက် (၁၅)ထပ်အတွက် ရည်မှန်းထားတယ်၊ Foundation ချတာနဲ့ ဇီးသီးဗန်းမှောက်ပြီ။ (၁၅)ထပ်စာ မှန်းထားတဲ့ဥစ္စာကို (၁၀)ထပ်စာလောက်ပဲ ကျန်မယ်။ Foundation အဲဒီလောက်ပဲ လုပ်လို့ရမယ်။ မသိလို့(၁၅)ထပ်၊ နောက်ပိုင်းမှာ တစ်ဆင့်ပြီး တစ်ဆင့်၊ တစ်ဆင့်ပြီးတစ်ဆင့် (၁၅)ထပ်ထိ ဆောက်တဲ့အခါကျတော့ ပြိုကျရုံပဲရှိမယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ ရေရှည် Plan ဒီလို ကြီးမားတဲ့ Plan ဟာ အင်မတန် စေ့စေ့စပ်စပ်၊ သေသေချာချာ တိုင်းထွာတွက်ချက်၊ သေသေချာချာလုပ်မှရမယ်။ သေသေချာချာမလုပ်ရင် တမံတစ်ခုတုတ်လိုက် ကျန်တဲ့ဥစ္စာ ရေသွားလွှမ်းမယ်၊ ရေသွားကြီးမယ်၊ ဒုက္ခပိုကြီးသွားမယ်။

နောက်ပြီးတော့ ရေစုပ်တဲ့ကိစ္စ ကျွန်တော်ကိုယ်တိုင် ခြံလုပ်တယ်။ တကယ်လို့ ရေပေးမယ်ဆိုရင် အသီးနှစ်ဆထွက်တယ်။ ဒါပေမဲ့ ဆီဈေးကြီးတယ်။ ဆီလည်း မှောင်ခိုထွက်ဦးမယ်။ အဲဒီတော့ ရေစုပ်တဲ့ အရင်းအနှီးက အများကြီးကုန်တဲ့အတွက်ကြောင့် နွေရာသီရေမပေးဘဲနဲ့ ရတဲ့အသီးကိုပဲယူ အဲဒါ အမြတ်ပိုများတယ်။ အခု ဒီရေစုပ်တဲ့ ကိစ္စ၊ ရေတင်တဲ့ ကိစ္စ၊ နောက်ပြီးတော့ တမံတွေ တစ်ခုပြီး တစ်ခု၊ တစ်ခုပြီးတစ်ခု အချိတ်အဆက်မမိရင် ဒုက္ခရောက်နိုင်တယ်။ ပိုပြီးတော့ အခက်အခဲ ဒုက္ခရောက်နိုင်တယ်။ တကယ်မှာဆိုရင် ရေကြီးတဲ့ကိစ္စ၊ ကျွန်တော်တို့ မွန်ပြည်နယ်မှာဆိုရင် ဦးမင်းလွန်းအောင် တင်ဖူးတယ်။ တူးမြောင်းတစ်ခု ဖောက်ပေးပါ။ ကျိုက်မရောမြို့နယ်က အတ္တရံမြစ်ရဲ့ရေဟာ သံလွင်မြစ်ထဲကိုဆင်းတဲ့နေရာမှာ အဲဒီမှာရေများလာတဲ့အခါကျရင် မတိုးနိုင်တော့ ကျိုက်မရောမြို့နယ် ရေမြုပ်တာများတယ်။ အဲဒီတော့ မော်လမြိုင်မြို့ တောင်ဘက်အစွန်း ကနေပြီးတော့ တည့်တည့် အဲဒီမှာ တူးမြောင်းတစ်ခုဖောက်ပေးလိုက်ရင် သံလွင်မြစ်ကို မော်လမြိုင်မြို့ ကိုကျော်ပြီးတော့ သံလွင်မြစ်ထဲကို ဝင်တာပဲ။ ဟိုမှာ မော်လမြိုင်မြို့ အပေါ်ဘက်မှာ ဝင်တာနဲ့ ဝင်တာလည်း တစ်လမ်းကြောင်းဝင်မယ်။ မော်လမြိုင်မြို့ အောက်ကနေလမ်းကြောင်း တစ်ကြောင်း ဝင်မယ်လို့ ဦးမင်းလွန်းအောင် တင်ဖူးပါတယ်။

အဲဒါမျိုးကို သဘာဝကျတယ်။ ဒါမျိုးကျတော့ ကျွန်တော်တို့မှာ ရေတိုစီမံကိန်း ဖြစ်လို့လား။ ဒါပေမဲ့ မဖြစ်နိုင်ဘူး။ ရေရှည်စီမံကိန်း ကျွန်တော်တို့လုပ်ရင်တော့၊ လွဲလွဲမှားမှားဖြစ်ရင်တော့ ကျွန်တော်တို့ ဒုက္ခအင်မတန်ကြီးတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က ဘာဆွေးနွေးချင်လည်းဆိုတော့

ဒီရေရှည်စီမံကိန်းလုပ်ဖို့အတွက်က သေချာစိတ်ချရမှလုပ်ပါ။ လုပ်သင့်လားမသင့်လား စဉ်းစားပါ။ နောက်ပြီးတော့ အများက ယုံကြည်စိတ်ချနိုင်အောင်လည်း ကျွန်တော်တို့ ရှင်းပြဖို့လိုမယ်။ နောက်ပြီးတော့ သံလွင်မြစ် တစ်လျှောက်မှာ မှီတင်းနေထိုင်တဲ့ ပြည်သူတွေလည်းပဲ နားလည်အောင် ကျွန်တော်တို့ ရှင်းပြဖို့လိုမယ်။ ဒါကြောင့် ဒီအဆိုကို ကျွန်တော်ကတော့ ဝေဖန်ရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာခင်ရွှေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၂။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ရန်ကုန်တိုင်း မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ က မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) က ဦးမျိုးမြင့်က အဆိုတင်သွားတဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင် နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီရေကြီး၊ ရေနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်းရေးစီမံကိန်း မဟာစီမံချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားပါရန် ဆိုပြီးတော့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းသွားပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ သူ ဆွေးနွေးသွားကတည်းကိုက အထဲမှာ အချက်အလက်တွေ အများကြီး ပါပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့မူကိုပဲ အဓိကဆွေးနွေးမှာ ဖြစ်ပါတယ်။

ပထမ ကျွန်တော့်အနေနဲ့ တင်ပြရရင် ဦးမျိုးမြင့်က ဒီ လေးနှစ်တာကာလအတွင်းမှာ သူ့ရဲ့အတွေ့အကြုံတွေ၊ နောက် သူ အင်ဂျင်နီယာလည်း ဖြစ်တဲ့အခါကျတော့ ဒါ သူ Data တွေ အများကြီး နိုင်ငံတော်ကို feed လုပ်သွားတယ်။ ပေးသွားတယ်။ အဲဒီ Dataတွေနဲ့ နောက်ပိုင်းမှာ အခု လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင် နောက်လုပ်နိုင် အောင်လို့ သူပေးသွားတာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကရော၊ နိုင်ငံတော်ကရော သူ့ကို ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ သူပေးသွားတဲ့ Data တွေကလည်း တချို့ Data ပိုင်းတွေက ကျွန်တော်တို့ မစဉ်းစားနိုင်တာတွေ စဉ်းစားသွားတယ်။ ဥပမာဆို ဒီ ပရော့ဂျက်ကြီးနဲ့ပတ်သက်လို့ ဖတ်ကြည့်တဲ့အချိန်မှာ ကျွန်တော် ဦးမျိုးမြင့်ကို အလွန်ကျေးဇူးတင်တယ်။ ချီးလည်းချီးကျူးပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ စစ်တောင်းမြစ်၊ သံလွင်မြစ်က နေယူပြီးတော့ အနိမ့်ပိုင်းကို ဆွဲချတာ။ ရေရဲ့သဘောဟာ Gravity နဲ့ဆင်းတယ်။ အမြင့်ကနေပြီးတော့ အနိမ့်ကိုဆင်းတယ်။

ပြီးခဲ့တဲ့အစိုးရ လက်ထက်အဆက်ဆက်မှာတို့တိုင်းပြည်မှာမြေကြီးပေါတယ်။ သယံဇာတပေါတယ်။ မြေအောက်မှာလည်းရှိတယ်။ မြေပေါ်မှာလည်းရှိတယ်။ ရေသယံဇာတပေါတယ်။ အဲဒီတော့ အညာဒေသတစ်ခုလုံး ခြောက်နေတဲ့ကိစ္စမှာ ကျွန်တော့်မိတ်ဆွေတွေလည်း လာကြည့်တယ်။ ဧရာဝတီမြစ်ကြီး ဒီလောက်ရေရှိရဲ့သားနဲ့ မြစ်တွေဒီလောက် ကျွန်တော်တို့နိုင်ငံမှာ ဒီဘက်ကဆိုလို့ ရှိရင် ရခိုင်ရိုးမ၊ ပြီးတော့ ပဲခူးရိုးမ၊ ရှမ်းရိုးမမြစ်ဆိုလို့ရှိရင်လည်း ဧရာဝတီမြစ်၊ စစ်တောင်းမြစ်ပြီးတော့ သံလွင်မြစ် အဲဒီလောက်ရှိရဲ့သားနဲ့ ကျွန်တော်တို့ဘာလို့ဆင်းရဲနေကြတာလဲ။ ကျွန်တော်တို့ သဘာဝကို သဘာဝ

အတိုင်း ပစ်ထားလို့ပဲ။ ဧရာဝတီဆိုရင် လူတွေကနေပြီးတော့ ချီးကျူးနေကြတယ်။ ကျွန်တော်တို့ရဲ့ Princess of Ayeyarwaddy တို့ ဘာတို့ ညာတို့နဲ့ ချီးကျူးပေမယ့် ဒီနေ့အထိ သဘာဝ အတိုင်းထားလို့ တစ်ဘက်ကကမ်းပြို တယ်။ ပြီးတော့မှ သောင်တင်တယ်။ ပြီးတော့မှ ရေတိမ်တယ်။ ပြီးတော့မှ ရှိသမျှရေတွေအကုန်လုံးက ပင်လယ်ထဲဆင်းတယ်။ တောက်လျှောက်ဆင်း တယ်။ ဒီပြင် မြစ်တွေလည်း ဒီအတိုင်းပဲ။ သံလွင်ဆိုလို ရှိရင်လည်း ဟိုး တရုတ်က မြစ်ဖျားခံတယ်။ ဒါကို ဦးမျိုးမြင့်ရေးထားပါတယ်။ တရုတ်ပြည်မှာ မိုးရေချိန် (၁၀၀) ရှိတယ်။ အဲဒီကနေ မြစ်ဖျား ဆင်းလာခဲ့တာ ကျွန်တော်တို့ မော်လမြိုင် နားကနေဖြတ် တနင်္သာရီတိုင်းသွားပြီးတော့ ပင်လယ်ထဲ ကို တိုက်ရိုက်စီးသွားတယ်။ ကျွန်တော်တို့ဘာတွေ အသုံးချခဲ့လဲ။ အသုံးမချနိုင်ခဲ့ဘူး။ အသုံးမချနိုင်လို့ လည်း ကျွန်တော်လည်း အမြဲတမ်းပြောတယ်။

ကျွန်တော်တို့တိုင်းပြည်ကို Rich Country တကယ်ချမ်းသာတဲ့တိုင်းပြည်ပါ၊ poor people လူတွေဆင်းရဲနေတယ်လို့ပြောတယ်။ တခြားနိုင်ငံဆိုလို့ရှိရင် ဒါမျိုး ဒီလိုအခွင့်အရေးမျိုး၊ ဒီလို သယံ ဇာတမျိုးရခဲ့ရင် ဒီထက်ထိ အဆပေါင်းများစွာ ချမ်းသာမယ်။ ဘာလို့လည်းဆိုတော့ ကျွန်တော် တို့မှာ အခုနက ဦးဗညားအောင်မိုး ပြောသလို Human Resources လူသားအရင်းအမြစ် မရှိဘူး။ ရှိခဲ့တဲ့ လူသားအရင်းအမြစ်ကလည်း အခုနလိုလုပ်မှာကြောက်၊ ဒါမျိုးဖြစ်မှာကြောက်ပြီး မလုပ်ခဲ့တဲ့ အတွက်ကြောင့် ဒီလိုဖြစ်ခဲ့တယ်။ ဥပမာ ကျွန်တော်တို့ Dam တွေအများကြီးလုပ်ခဲ့တယ်။ Dam တွေ ရေမသောက်ဘူး။ ကျွန်တော်လည်း တစ်ခါတင်ပြဖူးတယ်။ ကျွန်တော်တို့ ငမိုးရိပ် Dam ကြီး ဧက (၂၀၀၀၀)ရေသောက်မယ်ပြောတယ်။ တကယ်တမ်းရေသောက်တာ (၃၀၀)ပဲလို့။ ဘာကြောင့်လဲ ဆိုတော့ ရေသောက်တယ်ဆိုတာက ဒီ အပေါ်ကနေ ရေကိုဖောက်လိုက်တာနဲ့ Auto လယ်ကွင်းထဲ ရောက်မှ ရေသောက်တယ်ခေါ်တယ်။ မြောင်းထဲမှာ ရှိပြီး အဲဒီမြောင်းထဲကနေပြီးတော့ ရေစုပ်စက်နဲ့ တင်ရမယ်ဆိုရင် ရေသောက်တယ်မခေါ်ဘူး။ လယ်သမားကလည်း အခုနကပြောတဲ့ ဒီဇယ်ဖိုး မတတ်နိုင်ဘူး။ မတတ်နိုင်တဲ့အတွက်ကြောင့် သူ့အနေနဲ့ပြောရလို့ရှိရင် မလုပ်တဲ့အတွက်ကြောင့် တချို့ လည်းလုပ်တဲ့အတွက်ကြောင့် ဒီမြောင်းနားကလယ်ကိုပဲ သူစိုက်နိုင်တယ်။

အဲဒီတော့ ပြန်ကြည့်လို့ရှိရင် ဥပမာ မော်လမြိုင်ဆိုလို့ရှိရင် ဒါ ကျွန်တော် ကမ်းနားလမ်းမှာ နေခဲ့တယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းကဆိုရင် မော်လမြိုင်ဆိပ်ကမ်းတောက်လျှောက်မှာ နိုင်ငံခြား သင်္ဘောတွေတောက်လျှောက် တန်းစီတယ်။ တစ်ညလုံးဆန်တင်တယ်။ တစ်ညလုံးသစ်တင်တယ်။ အခု အဲဒီကို လာလို့မရတော့ဘူး။ ပထမ(၁)အချက်က မြစ်ကြီးတွေ၊ ကျွန်တော်တို့ သံလွင်မြစ်ကြီးကို အလို လိုက်ခဲ့တယ်။ ဧရာဝတီမြစ်ကို အလိုလိုက်ခဲ့တယ်။ သောင်တွေ သူတို့ ထွန်းကုန်တယ်။ ဝင်လို့မရ တော့ဘူး။ အဲဒါကြီးကို ကျွန်တော်တို့ နှစ်ပေါင်းများစွာဘာလုပ်ခဲ့လဲ။ ဘာမှမလုပ်ခဲ့ဘူး။ အဲဒီတော့ သွားလို့မရရင်မသွားဘူး။ မော်လမြိုင် ဆိပ်ကမ်းကြီး International အရင်တုန်းက ကျွန်တော်တို့ ဆိပ်ကမ်းကြီးမှာနိုင်ငံခြား သင်္ဘောဆိုက်နိုင်တယ်။ အခုမဆိုက်နိုင်တော့ဘူး။ စပါး။ ဟိုတုန်းက ကျွန်တော်တို့ ဒီအာရှမှာ နံပါတ်(၁) ဖြစ်ခဲ့တယ်။ အခုကျွန်တော်တို့ ဗီယက်နမ်(၉)သန်းပို့တယ်။ ထိုင်းဆို (၉)သန်းနီးနီးပို့တယ်။ ကျွန်တော်တို့က ဒီနေ့(၁)သန်းမပို့နိုင်ဘူး။ မြေကြီးအရပြောလို့ရှိရင် ကျွန်တော် တို့မြေကြီးက ဗီယက်နမ်ထက် (၂)ဆကျယ်တယ်။ လူဦးရေအရ ပြောရင် စားတဲ့သူရဲ့ဦးရေအရ ပြောရင် ဗီယက်နမ်ရဲ့ တစ်ဝက်ပဲရှိတယ်။ အဲဒီတော့ ဒီလို ဘာကြောင့်ဖြစ်နေလဲဆိုတော့ အဓိက ရေကြောင့်ဖြစ်တာပါ။ အခု ဦးမျိုးမြင့် ရဲ့ အဆိုတင်သွားတဲ့ Data တွေ အများကြီးရှိတယ်။ အဲဒီထဲမှာ

ကြိုက်တာဘာလဲဆိုတဲ့အခါကျတော့ အရင်တုန်းက ဧရာဝတီကနေ မြစ်ရေတင်စီမံကိန်းတွေ ကျွန်တော်တို့ လုပ်ခဲ့တယ်။

မြစ်ရေတင်စီမံကိန်းဆိုတာ အနိမ့်ကနေ အမြင့်ကိုတင်တယ်။ မီးရှိရမယ်။ ဒါမှမဟုတ် ဒီဇယ် ရှိရမယ်ထင်တယ်။ အဲဒီစီမံကိန်းလည်းအောင်မြင်တာလည်းရှိတယ်။ မအောင်မြင်တာလည်း ရှိတယ်။ Dam တွေ ဆောက်တယ်။ ဒါပေမဲ့ တစ်ဖက်ကသစ်ပင်က ခုတ်ထားတဲ့အခါကျတော့ မိုးရေချိန်လက်မ တွေနည်းနေတယ်။ နည်းတဲ့အခါကျတော့ လျှပ်စစ်ဝန်ကြီးဆို နှစ်တိုင်းမိုးရွာပြီဆိုရင် ဆုတောင်း နေရ တယ်။ မိုးရေပြည့်အောင်၊ ပြည့်အောင်။ စက်ကို အပြည့်မလည်နိုင်ဘူး။ မိုးရေချိန်မပြည့်တဲ့ အတွက်ကြောင့်၊ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဦးမျိုးမြင့်ဒီအထဲမှာ တင်သွား တဲ့ Data တွေ အချက်အလက် တွေအကုန်လုံးဟာ အခုမယူတောင်မှ နောက်ယူရမယ်။ မှတ်တမ်း အနေနဲ့ လည်းထားရမယ်။ ကျွန်တော်တို့ ဒီသံလွင်မြစ်ကြီးကို ဘယ်လိုရေယူမလဲ။ ရေယူပြီးရင် ကျွန်တော်တို့ ရှမ်းပြည် ကျွန်တော်တို့ တောင်ပိုင်း မှာ တောင်ကြီးကနေပြီးတော့ ကျိုင်းတုံအထိ မြေ အလွတ်ကြီးရှိတယ်။ အဲဒီနေရာကို ရေဘယ်လိုဖြည့်မလဲ။ နောက်အညာတစ်ခွင် တစ်ကြောလုံးမှာ ရေငတ်နေတယ်။ အဲဒါကို ကျွန်တော်တို့ ဧရာဝတီကနေ အနိမ့်ကနေ အမြင့်ကိုတင်ကြည့်တယ်။ မအောင်မြင်ဘူး။ အခုအမြင့်ကနေ အောက်ကို ပြန်ဆင်းတယ်။ ဆင်းတာဘာများခဲယဉ်းပါသလဲ။ တရုတ်တောင်မှဂတ်စ်ကို ဟိုဘက်ကစစ်တွေကနေပြီးတော့သူတို့တရုတ်ပြည်ယူနန်အထိရောက်အောင် တစ်နှစ်အတွင်းမှာ ပိုက်လိုင်းနဲ့ သယ်သွားတာပဲ။

ဦးမျိုးမြင့် ဒီမှာအကြံပေးသွားတာရှိတယ်။ တချို့နေရာတွေ ပိုက်လိုင်းထားရမယ်။ တချို့ နေရာ open drain ထားရမယ်။ နောက်တစ်ခါ သံလွင်မြစ်ကြီးကို ဦးဗညားအောင်မိုး ဆွေးနွေးသလို ရေအပိုယူမှာမဟုတ်ဘူး။ Two to Three percent လောက်ပဲပါမှာ။ ပါတဲ့အတွက်ကြောင့်မို့ အညာတစ်ခုလုံးဟာ ခြောက်သွေ့နေရာကနေ စိမ်းလန်းစိုပြည်သွားမယ်။ နောက် အမြင့်ကနေ အနိမ့် ဆင်းတဲ့အတွက်ကြောင့် ဘာမော်တာမှ ဘာမှလည်းမလိုတဲ့စီမံကိန်းဖြစ်တယ်။ နောက်တစ်ခါ ဒီနေ့ကမ္ဘာမှာ စားနပ် ရိက္ခာတွေ တော်တော်ရှားပါးနေတယ်။ နောက် ကျွန်တော်တို့ရဲ့အခြေခံဥပဒေမှာ ပြထားတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံပြီးတော့ ဒါ စက်မှုနိုင်ငံကိုသွားရမယ်။ ကျွန်တော်တို့ စက်မှုနိုင်ငံကို သွားလို့မရတော့ဘူး။ ဘာကြောင့်လည်းဆို ကျွန်တော်တို့ထက် ရှေ့ရောက်နေတဲ့နိုင်ငံတွေက အများကြီး ဖြစ်နေတဲ့အတွက်ကြောင့် ဒီစိုက်ပျိုးရေးကို အခြေခံရမယ်။ အခု ကမ္ဘာမှာ လူဦးရေ (8)Billion ကနေ (9) Billion၊ (10) Billion အဲဒီလို ရှားလာမယ့် အနေအထားရှိသလို တစ်ဖက်ကနေ စားနပ်ရိက္ခာတွေဟာ တက်လာမယ့် အနေအထားမျိုးတွေ ရှိလာတဲ့အတွက်ကြောင့် ဒါ ဥပမာတစ်ခုပြောရင် မနှစ်ကပဲ ကျွန်တော်တို့ Amata Industry zone တွေလုပ်နေတယ်။ လုပ်တာမှ ကျွန်တော်တို့ ထိုင်းမှာဆို ဇုံ (၃)၊ (၄)ခု လုပ်တယ်။ လာအိုမှာ လုပ်တယ်၊ ဗီယက်နမ်မှာလုပ်တယ်။ လုပ်နေတယ်။ လုပ်နေရာကနေ သူ Channel ပြောင်းပြီးတော့ ကျွန်တော်တို့ နဲ့လာဆွေးနွေးတယ်။ ပြီးတော့မှ ရှမ်းပြည်ဝန်ကြီးချုပ်နဲ့သွားဆွေးနွေးတယ်။ Food City၊ Food Industry ကြီးလုပ်ချင်တယ်။

ဘယ်နေရာကိုသူမျက်စိကျလဲဆို ပင်လယ်ရေမျက်နှာပြင် (၂၀၀)မီတာအထက်ရှိတဲ့ ရှမ်းပြည် တစ်ခုလုံးကို သူသဘောကျတယ်။ ကျိုင်းတုံနဲ့တောင်ကြီးကြားကို သဘောကျတယ်။ အဲဒီနေရာမှာ

ဧက သိန်းနဲ့ချီရှိတယ်။ အဲဒါကိုလည်း ကျွန်တော်တို့ Helicopter နဲ့ သွားကြည့်ပြီးပြီ။ အဲဒီနေရာမှာ Food City များလုပ်ခဲ့လို့ရှိရင် လေယာဉ်ပျံကွင်းတစ်ခုပဲ ဖောက်စရာလိုတယ်။ လေယာဉ်ပျံကွင်း ဖောက်လိုက်မယ်။ ဖောက်ပြီးရင်အခုနတုန်းက Industry ရိုးရိုး Industry ကျရင် (၃)ဧက၊ (၄)ဧက၊ (၁၀)ဧကပဲ ပေးစရာလိုတယ်။ သူ့ကို ဧက တစ်ရာကနေပြီးတော့ ဧက တစ်ထောင်အထိ ပေးမယ်။ အဲဒီမှာပဲစိုက်မယ်။ အဲဒီမှာပဲ Process လုပ်မယ်။ တချို့လည်း သစ်သီးအစိမ်း၊ စားစရာအစိမ်းတွေပို့မယ်။ တချို့လည်း ဗူးသွပ်လုပ်မယ်။ သူ့ Industry အလိုက်၊ သူ့ Industry အလိုက် Industry တစ်ခုကို average ဧက(၂၀၀)နဲ့ (၃၀၀)အလိုက် လုပ်ပြီးတော့ လေယာဉ်ပျံနဲ့ ပို့မယ်ဆိုရင် အမေရိကားကို ပို့မလား။ နာရီ(၂၀)အတွင်းရောက်တယ်။ Europe ကို ပို့မလား(၁၀)နာရီ အတွင်းရောက်တယ်။ တရုတ်ပြည်ကိုပို့မလား (၃)၊ (၄)နာရီအတွင်းရောက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့စားနပ်ရိက္ခာ ကျွန်တော်တို့ အခြေခံမှုမှာလည်းရှိတယ်။ ကျွန်တော်တို့လူတွေလည်း လုပ်ငန်းတွေရပြီးတော့မှ အဲဒီရဲ့ Food Industry လုပ်မယ်ဆိုလို့ရှိရင် အဓိကရေလိုတယ်။ ဦးမျိုးမြင့် ပြောသွားတဲ့ ပထမဦးဆုံး နံပါတ်(၁) အကျိုးခံစားရမှာက အဲဒီတောင်ကြီးနဲ့ ကျိုင်းတုံကြားမှာရှိတဲ့ ဧကသိန်းကျော်ရှိတဲ့နေရာမှာ ကျွန်တော်တို့ Food Industry လုပ်လို့ရတယ်။ (၂) အဲဒီကနေ ဆက်ဆင်းလာရင် အညာတစ်ခွင်လုံး ဒီနေ့ရေပြဿနာကြောင့် သောက်ရေတောင် တော်တော်ခက်ပါ တယ်။ အဲဒီကို ဆက်ဆင်းသွားလို့ရှိရင် သောက်ရေရမယ်။ ပြီးတော့မှ ကျွန်တော်တို့စားဖို့အတွက် အကုန်လုံး Green တွေ ဖြစ်ကုန်မယ်။ မူလတုန်းက ကျွန်တော်တို့ အညာ ဒါ အားလုံးသိပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀၀)လောက်က ဒါအညာမှာ ဘုရားတွေတည်တယ်။ ပုဂံမှာဘုရားတည်တယ်။ တည်ပြီးတော့ သစ်ပင်တွေခုတ်တယ်။ ခုတ်တဲ့အတွက်ကို ကျွန်တော်တို့ ခြောက်သွေ့သွားတယ်။ ဒီနေ့အထိ ပြန်မစိုက်နိုင်ဘူး။ ဘာလို့ မစိုက်နိုင်လဲဆိုတော့ အဓိကလိုအပ်ချက်က ရေပဲဖြစ်တယ်။ ရေမရှိလို့ မစိုက်နိုင်ဘူး။

အခု သူ့ရဲ့စီမံချက်က ဘယ်လောက်အထိကောင်းလဲဆိုတော့ အဲဒီအပေါ်က ဆင်းလာမယ့် ရေကို အညာကိုပေးမယ်။ ပိုက်လုံးနဲ့ပေးပေး တချို့နေရာမှာ open drain နဲ့ပေးပေး အဓိကအညာကို ရေရောက်ဖို့ပဲ။ နောက်တစ်ခုက အခု ပြီးပြီးသားကျွန်တော်တို့ Dam တွေ လုပ်သွားတာ။ Hydro Dam တွေ၊ Dam တွေဆိုရင် နှစ်တိုင်း၊ နှစ်တိုင်းရေမပြည့်တော့ဘူး။ မူလကျွန်တော်တို့မှန်းထားတာ မိုးရေချိန် (၇၅)အထက် ရှိရမယ်။ အခု (၅၀)အထက်ပဲရှိတယ်။ မပြည့်ဘူး။ မပြည့်တဲ့အတွက် စက်ကို တစ်လုံးချင်း လည်နေတာကနေပြီးတော့ အဲဒီ Dam တွေကိုလည်း သူကရေပေးမယ်ဆိုတဲ့စီမံချက်သူလုပ်သွားတယ်။ အလွန်ကောင်းတဲ့ စီမံချက်ပါ။ နောက်တစ်ခါ ဆင်းလာပြန်ရင်လည်း လှိုင်းဘွဲ့ ဧရိယာမှာ အဲဒီလိုပဲ 1 percent ၊ 2 percent လောက် သံလွင်မြစ်ကြီးရေကိုယူပြီးတော့မှ လှိုင်းဘွဲ့မှာ စိုက်ပျိုးရေးတွေ၊ လှိုင်းဘွဲ့ပတ်ဝန်းကျင်မှာ ကျွန်တော်တို့ အခုနတုန်းက ရှိတဲ့ဧရိယာ လယ်စိုက်ဧက သိန်းနဲ့ချီပြီးတော့ ဒါ စိုက်နိုင်တယ်။ အထူးသဖြင့် မော်လမြိုင်၊ မွန်၊ မွန်မှာဆိုရင် တစ်သန်းခွဲလောက် လယ်ရှိတယ်။ ဟိုတုန်းက ကျွန်တော်တို့ export လုပ်နိုင်တယ်။ အဲဒီမှာကိုလည်း ဒီသံလွင်မြစ်ကရေကိုပဲ ရေရဲ့သဘောက မြင့်ရာက နိမ့်ရာကို ဆင်းတဲ့အတွက်ကြောင့် ဒီနေရာက လယ်စိုက်မယ်ဆို သူ့အပေါ်က မြင့်တဲ့နေရာကနေ မြောင်းနဲ့ သွယ်ပြီး ယူလိုက်တာနဲ့ လယ်သမားတွေက Auto စက်မလိုဘဲနဲ့ ရေစုပ်စက်မလိုဘူး။ မီးမလို၊ ဒီဇယ် မလိုဘဲနဲ့ လယ်စိုက်နိုင်တဲ့အဆင့်အထိကို သူစဉ်းစားသွားတာတွေ အများကြီးပဲ။ တချို့ကို နိုင်ငံတော်က နေပြီးတော့ Infrastructure ခေါ်တဲ့ Dam ကြီးတွေလုပ်ပေးရမယ်။ တချို့ဆိုရေကန်ကြီးတွေ လုပ်ပေးရ မယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းတွေ ကြည့်ပါ။

ဥပမာ ဘန်ကောက်လေဆိပ်ဆင်းသွားရင် အောက်ကို ကျွန်တော်တို့ လှမ်းကြည့်လိုက်ရင် အောက်မှာ စပါးကွင်းကြီးတွေ အကျယ်ကြီးတွေ၊ ကျွန်တော်တို့ဆီမှာလို တစ်ဧကမှာမှ (၂)ကွက် (၃)ကွက်နဲ့ Level ညှိရင်းနဲ့ ကန်သင်းတွေလုပ်သွားတဲ့ System မြန်မာတစ်နိုင်ငံပဲကျန်တော့တယ်။ တခြားနိုင်ငံမှာဆို Infrastructure ကြီးကို နိုင်ငံတော်ကတည်ဆောက်ပေးတယ်။ တည်ဆောက်ပေးတဲ့ အတွက်ကြောင့် ရေလိုချင်ရင် ချက်ချင်းရေထည့်လို့ရတယ်။ နောက် ရေပိုနေရင်လည်း ချက်ချင်း ရေထုတ်လို့ရတဲ့ System ကို နိုင်ငံတော်ကလုပ်ပေးတယ်။ အခု ကျွန်တော်တို့ဆီမှာ အဲဒီလို မလုပ်ပေး တဲ့အတွက်ကြောင့် ဒီနေ့ ကျွန်တော်တို့ လယ်သမားတွေဟာ ဟိုး နှစ်ပေါင်းများစွာသုံးတဲ့ ကန်သင်းရိုး System ပဲသုံးတယ်၊ နောက်တစ်သီးပဲစားတယ်။ နှစ်သီးစားတာတော်တော်နည်းပါတယ်။ ဒါနဲ့ပတ်သက် လို့ကြုံလို့ပြောရလို့ရှိရင် ကျွန်တော်တွံတေး၊ကော့မှူး၊ ကွမ်းခြံကုန်းမှာဆိုရင်ဧက(၃)သိန်းကျော်ရှိတယ်။ ကျွန်တော် အမိကတွံတေးမှာ။ နဂိုတုန်းက တစ်သီးပဲစားခဲ့တယ်။ အခု ကျွန်တော်တို့ ဒီ(၄)နှစ်တာ ကာလအတွင်းမှာ ကျွန်တော်ဆည်မြောင်းကစက်ကိုလည်း အကူအညီတောင်းပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း ဒီဇယ်ပေးတာကို။ မြောင်းပေါင်းတစ်ရာကျော်၊ မိုင်ပေါင်း(၂၀၀)ကျော်။ တိုးမြစ်ကနေ ရေကိုယူပြီးတော့ပေးလိုက်တဲ့အတွက် အဲဒီလူတွေရဲ့လူနေမှုစနစ်က တော်တော်မြင့်သွားတယ်။ တစ်သီး ကနေနှစ်သီး၊ နှစ်သီးကနေ သုံးသီးဖြစ်လာတဲ့အတွက်ကြောင့် သူတို့ မြင့်သွားတယ်။

အရင်တုန်းကတော့ ပိုက်ဆံချေးတယ်။ ပိုက်ဆံချေးတယ်ဆိုတာ ကျွန်တော်တို့ ငါးပို့တာပဲ။ သာမန်အားဖြင့်ပြောရင်။ အခုက ကျွန်တော်တို့က ငါးပေးလိုက်ရင် ငါးစားပြီးတော့ အကြွေးပြန်မဆပ် နိုင်ဘူး။ အခုကျွန်တော်တို့ နိုင်ငံတော်ကနေပြီးတော့အခု Infrastructure ဖြစ်တဲ့ သူတို့ရေရရှိအောင် လုပ်ပေးတာက Congested ပေးတာနဲ့ အတူတူပဲဖြစ်ပါတယ်။ ဒါကြောင့် လယ်သမားတွေကို Congested ပေးလိုက်တဲ့အတွက်ကြောင့် လယ်သမားတွေက ဒီနေ့ သူတို့အရင်လွန်ခဲ့တဲ့လေးငါးနှစ် နဲ့စာရင် တစ်သီးကနှစ်သီး၊ တစ်သီးကသူတို့စားဖို့၊ နောက်တစ်သီးက သူတို့လှူဖို့၊ နောက်တစ်သီးက သူတို့အတွက်စုဖို့ဆိုပြီးဖြစ်လာတဲ့အနေအထားမျိုးတွေ ဖြစ်တဲ့အတွက်ကြောင့် ဒါ ဦးမျိုးမြင့်ရဲ့ အဆိုဟာ အလွန်ကောင်းပါတယ်။ ဟို တချို့က အမြင်လွဲနိုင်စရာအကြောင်းရှိတာဟာ သဘာဝကြီး ပျက်စီးသွား မယ်။ ဥပမာမြစ်ဆုံလို။ သူ့ကိုရေလှောင်လိုက်တာနဲ့တစ်ခါတည်း ဘေးပတ်ဝန်းကျင်အကုန်လုံး ရေလွှမ်း ပြီးပျက်မယ်လို့ထင်တယ်။ ပျက်စရာအကြောင်းလည်းမရှိပါဘူး။သူ့ရဲ့ရေမြောင်းပဲ။ အဲဒီအတွက်ကို ရေမြောင်းတွေဆွဲယူသွားမယ်။ ပြီးတော့မှ တချို့နေရာတွေ ပိုက်လိုင်းနဲ့ဆွဲသွားတဲ့စနစ် ဖြစ်တဲ့အတွက် ကြောင့် သဘာဝကိုလည်း မထိခိုက်ပါဘူး။

နောက်တစ်ခုက ဦးမျိုးမြင့် ပြောတာကလက်ရှိလုပ်ရမယ်လို့လည်း ပြောတာမဟုတ်ဘူး။ ရေတို၊ ရေရှည် စီမံကိန်းအနေနဲ့ EIA၊ SIA သေချာလေ့လာသုံးသပ်ပြီးတော့မှ ဒါကြီးကိုခေါင်းထဲထည့် ထားပါ။ ဒါလုပ်မှ ကျွန်တော်တို့နိုင်ငံက အခုန စိုက်ပျိုးရေးနဲ့ပတ်သက်လို့ ဒါထိပ်ကို ကျွန်တော်တို့ ရောက်သွားမည့် အနေအထားမျိုးရှိပါတယ်။ မကြာခင်မှာ ကမ္ဘာမှာ စားနပ်ရိက္ခာတွေ ရှားပါးလာမယ်။ အသီးအနှံတွေရှားပါးလာမယ်။ လူဦးရေတက်လာမယ်။ အဲဒီအတွက်ကိုကျွန်တော်တို့ကြိုတင်ပြင်ဆင် ဖို့လိုပါတယ်။ လိုတဲ့အတွက်ကြောင့် သူ့ရဲ့အဆိုဟာ ကျွန်တော်တို့ကြိုတင်စီမံရမယ့် အဆို ဖြစ်ပါတယ်။ နောက် Dam လိုဖျက်ဆီးမယ့်၊ သဘာဝကြီးကိုဖျက်ဆီးမယ့်အဆိုလည်း မဟုတ်ပါဘူး။ ရေကိုရေမရှိတဲ့ နေရာအထိကို နည်းမျိုးစုံနဲ့သဘာဝပတ်ဝန်းကျင် အနည်းဆုံးဖြစ်အောင်လို့ ပို့တဲ့စနစ်နဲ့လုပ်တဲ့အတွက် ကြောင့် နံပါတ်(၁) ရှမ်းပြည်မှာရှိတဲ့ အခုနပြောတဲ့ လယ်ဧက သိန်းနဲ့ချီပြီးတော့ သီးနှံတွေ စိုက်ပျိုးနိုင်

မယ်။ သူက ရာသီဥတုအရလည်း စိုပြီးသားဖြစ်တယ်။ မြေကြီးကလည်းကောင်းတယ်။ သီးနှံစိုမယ်၊ Export လုပ်နိုင်မယ်။ (၂)ခြောက်သွေ့နေတဲ့ အလွန်ခြောက်သွေ့ နေတဲ့ အညာဒေသတစ်ခုလုံး စိမ်းစို သွားမယ့်အနေအထားမျိုးရှိတယ်။ (၃)ကျွန်တော်တို့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်လို ကျွန်တော်တို့ တကယ်တမ်းလယ်အဓိကစိုက်၊ စိုက်ပျိုးရေးကိုအဓိကလုပ်နေတဲ့ဦးဗညားပြောသွားပါတယ်။ အသီးအနှံ လည်းအများဆုံးစိုက်နေတဲ့နေရာမှာ ရေလုံလုံလောက်လောက် ကျွန်တော်တို့ စက်မလိုဘဲနဲ့ သွင်းနိုင်တဲ့ စီမံကိန်းဖြစ်တဲ့အတွက်ကြောင့် ဒါ တင်သွားတဲ့အဆိုရှင်ကို ကျွန်တော်တို့ ဂုဏ်ပြုရမှာဖြစ်သလို ဒါကိုလည်းမှတ်တမ်းအနေနဲ့ထားပြီးတော့ အခုမလုပ်နိုင်တောင် နောက်လုပ်နိုင်အောင်လို့ ကျွန်တော် တို့ အမျိုးသားလွှတ်တော်အနေနဲ့ ကျွန်တော်တို့ ဒါ မှတ်တမ်းအနေနဲ့ထားပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားဖို့လိုကြောင်း ကျွန်တော်တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၉ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၄ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၀။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင် ဖြစ်ပါတယ်။ ပထမဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကို ကျွန်တော်ရေးသားထားတဲ့ စာသားတွေကြည့်ရှုပြီး ဆွေးနွေးခွင့်ပေးပါလို့ တောင်းခံအပ်ပါတယ်။ ယနေ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းသန့်ဇင်

အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို ကန့်ကွက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကန့်ကွက်ရတဲ့ အကြောင်းအရင်းကတော့ (၃)ခုရှိပါတယ်။ အဲဒီ အကြောင်းအရင်းတွေကတော့ (၁) သံလွင်မြစ်သည် အဓိကအားဖြင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်နေဆဲ ပြည်နယ်တိုင်းရင်းသား ဒေသများကိုသာ ဖြတ်သန်းစီးဆင်းနေသော မြစ်တစ်စင်းဖြစ်ခြင်း။ (၂) သံလွင်မြစ်ကြီး ဖြတ်သန်းစီးဆင်းသွားတဲ့ ပြည်နယ်များမှာရှိကြတဲ့ တိုင်းရင်းသားများသည် လုံခြုံစိတ်ချရသော လူနေမှုဘဝကို မရရှိကြ သေးခြင်းနှင့် (၃)သံလွင်မြစ်ပေါ်မှာတည်ရှိတဲ့ စီမံကိန်းများသည် ပွင့်လင်းမြင်သာမှုရှိရန် များစွာလိုအပ်နေသေးပြီး ပြည်နယ်နေတိုင်းရင်းသားများအတွက် အကျိုးအမြတ်နည်းပြီး အကျိုးမရှိဟု သိရှိခံစားနေကြကာ ကန့်ကွက်နေကြခြင်းတို့ကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ ရည်ရွယ်ချက်အရ မြန်မာနိုင်ငံ အလယ်ပိုင်းနဲ့ အရှေ့တောင်ပိုင်းဒေသကြီးတွေမှာ နှစ်စဥ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီးရေနစ်မြုပ်မှုများကို ကုစားနိုင်မယ့် ရည်ရွယ်ချက်ကောင်းဖြစ်တဲ့ တင်ပြတဲ့ အဆိုဖြစ်သော်လည်းပဲ ဒီ ရေရယူမှုမှာ သံလွင်မြစ်ပေါ်မှာ တည်မှီနေတဲ့အတွက်ကြောင့်မို့လို့ ကန့်ကွက်ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ ရေပြတ်လပ်မှု ဒုက္ခတွေကို အခြားနည်းများနဲ့ ကုစားနိုင်မယ့် စီမံကိန်းတွေကိုလည်း စဥ်းစားသင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမအကြောင်းအချက်အနေနဲ့ ဆွေးနွေးတင်ပြချင်တာက သံလွင်မြစ်သည် ကျွန်တော်တို့ ပြည်နယ်နေ တိုင်းရင်းသားများအတွက်ကတော့ အသဲနှလုံးပဲ ဖြစ်ပါတယ်။ ကျန်တဲ့ တိုင်းရင်းသားတွေ ဘယ်လိုခံယူနေကြပါသလဲဆိုတာကို ကျွန်တော်အတိအကျ မသိနိုင်သော်လည်းဘဲ ကျွန်တော်တို့ ရှမ်းပြည်နယ်နေ တိုင်းရင်းသားများနဲ့ ခံစားမှု၊ ခံယူမှုမှာ သိပ်ကွာခြားမှု မရှိနိုင်ဘူးဟု ယုံကြည်ပါတယ်။ သံလွင်မြစ်ကို ကျွန်တော်တို့က နမ့်ခုံးလို့ ခေါ်ပါတယ်။ နမ့်ဆိုတာက ရေလိုအဓိပ္ပာယ်ရပါတယ်။ ခုံးဆိုတာကတော့ လောကဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အူ၊ အသဲဆိုလည်း မှန်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ အသဲနှလုံး၊ ကျွန်တော်တို့ရဲ့လောကဘဝတစ်ခုဖြစ်တဲ့ နမ့်ခုံးဆိုတဲ့သံလွင်မြစ်ကို ကျွန်တော်တို့ ပြည်နယ်နေတိုင်းရင်းသားများရဲ့ သဘောတူညီမှုမပါဘဲ လက်ခံနိုင်လောက်တဲ့အနေအထား မရှိနိုင်သေးတဲ့အခြေအနေမျိုးမှာ ဒီသံလွင်မြစ်စီမံကိန်းကိုတင်ပြလာခြင်းသည် သံသယဖြစ်ဖွယ်ရာများကိုသာ မွေးဖွားလာစေပါတယ်။ ကောင်းကျိုးထက် ဆိုးကျိုးများ ဖြစ်ပေါ်လာစေနိုင်တယ်လို့ ဆွေးနွေးတင်ပြလိုပါတယ်။

ဒီ အဆိုရဲ့ အဓိကရည်မှန်းချက်မှာ သံလွင်မြစ်ရေစီးကြောင်းကိုလွှဲပြီး ရေပြတ်လပ်မှုဒဏ်ခံနေကြရတဲ့ ပြည်မဒေသ နေရာအချို့ကို ကုစားဖို့ ကြိုးစားတဲ့ စီမံကိန်း မဟာစီမံချက်ပဲ ဖြစ်ပါတယ်။ သမိုင်းကြောင်းအရ ကြည့်မယ်ဆိုလို့ရှိရင် ပြည်နယ်ဒေသမှာထွက်ရှိတဲ့ သဘာဝ သယံဇာတတွေကိုယူပြီး ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုခြင်း၊ စီမံကိန်းချခြင်းတွေသည် အရင်အစကတည်း ကလည်း ပြုလုပ်လာခဲ့ဖူးကြပါတယ်။ ဥပမာ မိုးဗြဲဆည်၊ ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းစသည် တို့ပဲ ဖြစ်ပါတယ်။ ဒီ စီမံကိန်းတွေကို ရှမ်းပြည်နယ်ကို အရင်းတည်ပြီးတော့ ဒေသအချို့ရဲ့ ရေပြတ်လပ်မှု၊ လျှပ်စစ်ပြတ်လပ်မှုဒဏ်တွေကို ကုစားခဲ့ကြပါတယ်။ ပြည်နယ်တွေမှာရှိတဲ့ သဘာဝသယံဇာတတွေကို ပြည်ထောင်စုအခြားဒေသဖွံ့ဖြိုးတိုးတက်ဖို့အသုံးပြုခြင်းတွေက သဘာဝသယံဇာတ

ခွဲဝေခြင်းလို့လည်းဆိုနိုင်ပါတယ်။ အခြားဒေသအတွက်ပြည်နယ်တွေက သဘာဝသယံဇာတတွေကို ခွဲဝေသုံးစွဲနေကြလိုပြီး ပြည်နယ်များအတွက် တန်းတူညီမျှမှုလည်းမရှိ၊ ကိုယ်ပိုင်ပြဌာန်းခွင့်နဲ့ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်တွေမပေးဆပ်နိုင်သေးကြတာကိုလည်း ထည့်သွင်းစဥ်းစားပေးဖို့ လိုတဲ့အချိန်လည်း ဖြစ်ပါတယ်။

ဒီလိုမှမဟုတ်ရင် ပြည်နယ်နေတိုင်းရင်းသားပြည်သူများက တစ်နိုင်ငံသားချင်းအတူတူ တန်းတူညီမျှမှု မရှိပါလားလို့ ယူဆလာကြရင် လတ်တလောအရေးတကြီး တည်ဆောက်နေကြရတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဥ်တွေကို ထိခိုက်လာမှာ ကျွန်တော်တို့ စစ်ဘေးဒဏ်ခံနေကြရတဲ့ ပြည်နယ်သားများက ပိုလို့တောင် စိုးရိမ်နေကြရပါတယ်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေပြီး လက်နက်ကိုင်ပဋိပက္ခကြားမှာ ဒုက္ခပေါင်းများစွာနဲ့ ရင်ဆိုင်နေကြရတဲ့ လက်ရှိပြည်နယ်နေ တိုင်းရင်းသားများရဲ့ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း မစားရ၊ မိမိဝမ်းဝရေးအတွက် သေနတ်သံ၊ ဗုံးသံ၊ ဗုံးဆံကြားမှာ အသက်ဆက်နိုင်ဖို့ မိမိဝမ်းကို ကျောင်းနိုင်ဖို့အတွက် ရုန်းကန်လှုပ်ရှားနေကြရတဲ့ လူနေမှုဒုက္ခများ၊ လူနေမှုဘဝများကို စာနာထောက်ထားပြီး၊ စိတ်ဒဏ်ရာတွေ ထပ်မံဖြစ်ပေါ်စေနိုင်မယ့် ကြီးမားကျယ်ပြန့်ပြီး၊ ဘူးလေးရာဖရုံဆင့်သလို လက်ရှိရှုပ်ထွေးနေတဲ့ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို လတ်တလောရုန်းကန်ဖြေရှင်းနေရတဲ့ နိုင်ငံတော်အစိုးရရဲ့ တာဝန်တွေကို ပိုမိုလေးလံစေမယ့် စီမံကိန်းကို ယခုအချိန်မှာ မတင်သွင်းသင့်ပါဘူးခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြောင်းအရင်း(၂)အရ ပြည်နယ်နေ တိုင်းရင်းသားများ လုံခြုံစိတ်ချရတဲ့ လူနေမှုဘဝကို မရကြသေးတဲ့အတွက် ကန့်ကွက်ရခြင်းအကြောင်းကို ဆက်လက်ဆွေးနွေးပါမယ်။ ပြည်မဒေသအချို့မှာ ခံစားနေကြရတဲ့ ရေပြတ်လပ်မှုပြဿနာရဲ့ ဒဏ်တွေ ကျွန်တော်တို့ ပြည်နယ်နေ တိုင်းရင်းသားများ စစ်ဘေးဒဏ်ကို နှစ်ရှည်လများစွာ ခံစားနေကြရတဲ့နည်းတူ ထပ်တူထပ်မျှ ခံစားနားလည်ကြပါတယ်။ စာလည်း စာနာမိကြပါတယ်။ အချို့သော စီးပွားရေးသမားများ နိုင်ငံတော်ရဲ့ သယံဇာတကို ထုတ်ယူနေကြပြီး တွက်ခြေကိုက်နေကြတဲ့ အချိန်မှာ သူတို့ကြောင့် နေရာ ဖယ်ပေးလိုက်ကြရတဲ့ ဒေသခံ တိုင်းရင်းသားပြည်သူတွေနဲ့ သဘာဝပျက်ဆီးဆုံးရှုံးမှုတွေကြောင့် ထိခိုက်ခံနေကြရတဲ့ အခြေခံလူတန်းစားတွေရဲ့ ထိခိုက်နစ်နာမှုတွေ ဘယ်လိုပဲ စဥ်းစားစဥ်းစား အချို့သော ဝိသမစီးပွားရေးသမားများကြောင့် ထိခိုက်မှုတွေဖြစ်နေတာကို ပြန်လည်ကုစားတဲ့ နေရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ ပူးပေါင်းအဖြေရှာကြဖို့ အထူးပင်လိုအပ်လာကြပါပြီ။ ဒီလိုမှမဟုတ်ရင် တရားမျှတမှု မရှိသလို ဒီရေပြတ်လပ်မှု ပြဿနာကို ဖြေရှင်းနိုင်ကြဖို့အတွက် မြန်မာနိုင်ငံရဲ့ အသက်သွေးကြောကြီးဖြစ်တဲ့ ဧရာဝတီမြစ်ကြီးကို အားကိုးအားထားပြီး ဖြေရှင်းပေးသွားနိုင်မယ့် နည်းလမ်းကောင်းတွေ၊ အစီအစဥ်ကောင်းတွေလည်း မရှိနိုင်ကြတော့ဘူးလား၊ ရှာဖွေလို့ မရနိုင်ကြတော့ဘူးလားလို့လည်း မေးခွန်းထုတ်စရာ ရှိလာပါတယ်။

လက်ရှိအခြေအနေများအရ ရှမ်းပြည်နယ်နေ ဒေသခံတိုင်းရင်းသားများ လုံခြုံစိတ်ချမှုမရှိဘဲ စိတ်ဒဏ်ရာများစွာနဲ့ နေထိုင်စားသောက်နေရတဲ့ အခြေအနေပဲဖြစ်ပါတယ်။ လတ်တလော အခြေအနေမှာ ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊ နားဆိုင်းကျေးရွာသူ/ရွာသားများ တိုက်ပွဲတိမ်းရှောင်နေကြရတဲ့ အခြေအနေ၊ သိန္နီမြို့နယ်အတွင်း လွိုင်ဆိုင်ကျေးရွာအုပ်စုအတွင်းမှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခအခြေအနေ၊ တိုက်ပွဲအခြေအနေတွေ သတင်းတွေမှာကြားသိနေကြရပါတယ်။ ဒါ့အပြင်

ရှမ်းပြည်နယ် အရှေ့ပိုင်း ပုံပါကျင်နဲ့မိုင်းတုံအကြား မဲ့ကြမ်းဒေသမှာဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခအခြေအနေ၊ လက်ရှိ ကိုးကန့်ဒေသတိုက်ပွဲစတဲ့ အခြေအနေတွေဟာ ရှမ်းပြည်နယ်ဒေသခံတိုင်းရင်းသားများရဲ့ အတွင်းစိတ်သန္တာန်မှာ လုံခြုံမှုမရှိသေးတဲ့ဘဝကို ဖော်ပြနေကြတာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ထပ်ကန့်ကွက်ရတဲ့ အကြောင်းအရင်း(၃)ကတော့ သံလွင်မြစ်ပေါ်မှာတည်ရှိတဲ့ စီမံကိန်းများသည် ပွင့်လင်းမြင်သာမှုရှိရန် များစွာလိုနေသေးပြီး၊ ပြည်နယ်နေတိုင်းရင်းသားများအတွက် အကျိုးအမြတ်နည်းပြီး၊ အကျိုးမရှိဟုဆိုပြီးတော့ သိရှိခံစားနေကြရတဲ့ အတွက်ကြောင့်ပဲဖြစ်ပါတယ်။ ဥပမာအနေနဲ့ အရှေ့တောင်အာရှမှာ အကြီးဆုံးဖြစ်လာမယ့် မိုင်းတုံ၊ အထက်သံလွင်ရေကာတာစီမံကိန်းကိုလည်း တရုတ်ကုမ္ပဏီ Three gold corporation ထိုင်းကုမ္ပဏီ The electricity generation of Thailand international Group of auto Business နှင့် မြန်မာလျှပ်စစ်ဝန်ကြီးဌာနတို့ ပူးပေါင်းတည်ဆောက်မှာဖြစ်တဲ့အကြောင်းနဲ့ မိုင်းတုံ ရေကာတာမှ လျှပ်စစ်မီး(၇၀၀၀)မဂ္ဂါဝပ် ထွက်ရှိမှာဖြစ်ပြီး၊ (၉၀)ရာခိုင်နှုန်းကို ထိုင်းနဲ့တရုတ်ကို တင်ပို့ ရောင်းချမယ်လို့လည်း ကြားသိနေရပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အကျိုးအမြတ် ဘယ်လောက် ကျန်မှာလဲ။ ကောင်းကျိုးနဲ့ဆိုးကျိုး ဒီနှစ်ခုမှာ ကျွန်တော်တို့နိုင်ငံအတွက် ဘယ်လိုရလဒ်တွေ ဖြစ်ပေါ် လာမှာလဲ ဆိုတာ ကျွန်တော်တို့ ပြည်သူ/ပြည်သားများအနေနဲ့ ယုံကြည်လက်ခံနိုင်ဖို့ ခက်ခဲနေဆဲပဲ ဖြစ် ပါတယ်။ ဒါကြောင့်မို့လို့လည်း ကန့်ကွက်နေကြတာဖြစ်ပါတယ်။

ဩစတြေးလျနိုင်ငံ အခြေစိုက် SMEC Environment and Social ကုမ္ပဏီသည် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှု ဆန်းစစ်လေ့လာခြင်း EIA နဲ့ လူမှု ပိုင်းဆိုင်ရာ ထိခိုက်သက်ရောက်မှု ဆန်းစစ်လေ့လာခြင်း၊ SIA တို့ကို လေ့လာဖို့အတွက်ပြီးခဲ့တဲ့ဧပြီလနှောင်းပိုင်းမှာ မိုင်းတုံမြို့ကို ရောက်ရှိပြီးတော့ လူထုနဲ့ပဏာမတွေ့ဆုံခဲ့တယ်ဆိုတဲ့နေရာမှာလည်း ပြည်သူလူထုလက်ခံနိုင်မှုအားနည်းနေတာကို တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေများအရ မှန်ကန်တဲ့အချက်အလက်တွေ ရရှိဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာလည်းသံလွင်မြစ်ပေါ်မှာတည်ဆောက်မယ့်ဆည်တွေ (၁၃)ခုလောက်ရှိနေပြီး၊ လောလောဆယ်မှာ ရပ်ဆိုင်းထားတယ်လို့လည်းသိရပါတယ်။ ကျွန်တော်တို့ ဧရာဝတီမြစ်ကြီး ရေနည်းလာနေသလို သံလွင်မြစ်ရဲ့ အထက်ပိုင်းမှာလည်း သစ်တွေအကြီးအကျယ် ခုတ်ထားတဲ့အတွက်ကြောင့် သံလွင်မြစ်ရေလည်း တဖြည်းဖြည်းနဲ့ လျော့နည်းလာနေပြီပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်သွင်းတဲ့ စီမံကိန်းနဲ့ ဆက်စပ်ပြီး တင်ပြဆွေးနွေးလို တာကတော့ ပြီးခဲ့တဲ့ ၂၀၁၅၊ မတ်၊ ဧပြီလခန့်မှာ တရုတ်၊ မြန်မာကုမ္ပဏီများကတည်ဆောက်မယ့် နောင်ဖနဲ့ မန်တုံ ရေအားလျှပ်စစ်စီမံကိန်း(၂)ခုအကြောင်း တန့်ယန်းမြို့လူထုကိုသွားရောက်ရှင်းလင်းတယ်လို့ ကြားသိရပါတယ်။ နောင်ဖစီမံကိန်းဟာ သံလွင်မြစ်ပေါ်မှာတည်ရှိပြီး၊ တာဆန်းလိုင်ကူတို့ဆိပ်အနီးမှာ ဖြစ်ပါတယ်။ မန်တုံ စီမံကိန်းကတော့ စွပ်နမ့်မချောင်းကို ပိတ်ပြီးတော့ တည်ဆောက်မယ်လို့သိရပါတယ်။ အဲဒီချောင်းဟာ သံလွင်ရဲ့အရှေ့ဘက်အခြမ်းမှာရှိတဲ့ လက်တက်တစ်ခုသာဖြစ်ပြီးတော့ "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း "ဝ" စစ်တပ်ထိန်းချုပ်နယ်မြေအတွင်းမှာ တည်ရှိနေပါတယ်။ သံလွင်မြစ်ကြောင်းကို ပိတ်ဆို့ရေလွှဲမယ့်နေရာကလည်း နောင်ဖလျှပ်စစ်စီမံကိန်းနေရာနဲ့ တစ်ထပ်တည်းဖြစ်တယ်လို့လည်း သိရပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ အရှေ့တောင်ပိုင်းဒေသကြီးတွေမှာ နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီးရေနစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မယ့် မြစ်ရေလွှဲပြောင်းသယ်ယူရေး စီမံကိန်းမဟာစီမံချက် ချမှတ်ဆောင်ရွက်တဲ့နေရာမှာ အနီးကပ်ဆုံးဖြစ်တဲ့ဧရာဝတီကို အဓိကထား စဉ်းစားရေးဆွဲဖို့ လိုအပ်နေခြင်းကို ထည့်သွင်းမစဉ်းစားဘဲ သံလွင်မြစ်ကို အဓိကထားစဉ်းစားရေးဆွဲခြင်းအတွက် ကျွန်တော်တို့ ရှမ်းပြည်နယ်နေတိုင်းရင်းသားများအနေနဲ့ သဘောတူနိုင်ရန် ခက်ခဲသလို တရားမျှတမှုမရှိဘူးလို့ ခံစားနေရတဲ့အတွက် ဒီ အဆိုကို ကန့်ကွက်ရခြင်းဖြစ်ပါတယ်။

သံလွင်မြစ် အောက်ပိုင်းမှာနေထိုင်ကြတဲ့ ကယားပြည်နယ်၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ် ဒေသမှာရှိနေကြတဲ့ ဒေသခံပြည်နယ်နေ တိုင်းရင်းသားတွေအပေါ်မှာ ထိခိုက်ဖြစ်ပေါ်လာမယ့် ကောင်းကျိုးဆိုးကျိုးတွေကိုလည်း ထည့်တွက်ကြရဦးမှာဖြစ်ပါတယ်။ နောင်မှာဖြစ်ပေါ်လာမယ့် သံလွင်မြစ်ရေ နည်းသွားမှုကြောင့် ပင်လယ်ဆားငန်ရေ ဝင်ရောက်လာနိုင်မှုကိုလည်း ကျွန်တော်တို့ ထည့်မတွက်လို့ မဖြစ်ပါဘူးခင်ဗျား။ လက်ရှိ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ အင်မတန်အရေးကြီးတဲ့ နိုင်ငံတော်ငြိမ်းချမ်းရေးကို ဂရုတစိုက်နဲ့ဆောင်ရွက်နေတဲ့ အချိန်အခါမျိုးမှာ ပြည်နယ်နေတိုင်းရင်းသားများ သိနားလည်ရခက်တဲ့ သဘောမတူနိုင်သေးတဲ့ ကြီးမားကျယ်ပြန့်တဲ့စီမံကိန်း ဖြစ်နေပါတယ်။ ယခုစီမံကိန်းမှာ အဓိကရယူသုံးစွဲရန်တင်ပြတဲ့ သံလွင်မြစ်ကလည်း တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများရှိနေဆဲ နေရာဒေသများကို အဓိကဖြတ်သန်းစီးဆင်းနေပြီး၊ ပြည်နယ်နေတိုင်းရင်းသားများအတွက် ကောင်းကျိုးထက်ဆိုးကျိုးများကိုသာ ဖြစ်ထွန်းစေနိုင်မယ်လို့ ယူဆရပါတယ်။ လက်ရှိကြိုးပမ်းဆောင်ရွက်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိခိုက်စေနိုင်မယ့် စီမံကိန်းလည်းဖြစ်နေပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်သွင်းသွားသော အဆိုသည် လတ်တလော အခြေအနေများအရ ပြည်နယ်နေ တိုင်းရင်းသားများရဲ့ လုံခြုံမှုမရှိသော ဘဝအခြေအနေတွင် စိတ်ဒဏ်ရာများစွာ ထပ်မံရရှိနိုင်ခြင်းကြောင့် လက်ရှိကျွန်တော်တို့ရဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှု အားနည်းပြီး ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ဖြစ်ပေါ်စေနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုကို လေ့လာရာ၌ ထိရောက်မှု မရှိသေးခြင်း၊ ထိခိုက်နိုင်မှု ဧရိယာကြီးမားပြီး ထည့်ဝင်သုံးစွဲရမယ့် ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားခြင်းနဲ့ အကျိုးအမြတ်ရလဒ်များ မသေချာခြင်းတို့ကြောင့် လက်ရှိတင်သွင်းသော အဆိုကို ဆိုင်းငံ့ထားသင့်ပါကြောင်း ဆွေးနွေးတင်ပြရပါတယ်။

နိဂုံးချုပ်အားဖြင့် အဆိုရှင်တင်ပြချက်အရ ယခုတင်ပြတဲ့ စီမံကိန်းဟာ ၁၉၈၀ ပြည့်နှစ် မတိုင်မီမှာ လယ်ယာနဲ့ သစ်တောဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနက သံလွင်မြစ်ဆည်မြောင်းစီမံကိန်း၊ ပဏာမ ဖြစ်မြောက်နိုင်စွမ်း စူးစမ်းလေ့လာမှုတွေကို ဆောင်ရွက်လာခဲ့ပြီး၊ ၁၉၈၁ ခုနှစ်ဝန်းကျင်မှာ ယင်း လုပ်ငန်း အစီရင်ခံစာကို ပြုစုလာခဲ့တယ်လို့ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီ စီမံကိန်းကို ရေးဆွဲခဲ့တာ နှစ်များစွာ ကျော်လွန်ခဲ့ပြီဖြစ်ပါတယ်။ နှစ်ပေါင်း(၃၀)ကျော်၊ (၃၅)နှစ်ခန့် ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဒီ စီမံကိန်းရေးဆွဲစဉ် အခြေအနေနဲ့ ယခုအခြေအနေဟာ များစွာကွာခြားနိုင်ပါတယ်။ ဒါကြောင့် မို့လို့ လက်ရှိအသွင်ကူးပြောင်းရေးကာလ ပြည်နယ်နေတိုင်းရင်းသားများရဲ့ ငြိမ်းချမ်းမှု မရရှိနိုင်သေးတဲ့ အခြေအနေမှာ ပြည်နယ်နေတိုင်းရင်းသားများ၏ ယုံကြည်မှုကို လျော့ပါးပျက်ဆီးစေနိုင်

မယ့် မည်သည့်စီမံကိန်းကိုမျှ မပြုလုပ်သင့်သေးပါကြောင်းနဲ့ ယခုတင်သွင်းသော အဆိုကိုလည်း ကန့်ကွက်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၄။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးမြင့် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းဒေသများတွင် နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီရေကြီး နစ်မြုပ်မှုများကို ရေရှည်ကုစားနိုင်မည့် မြစ်ရေလွှဲပြောင်းသယ်ယူရေး စီမံကိန်း မဟာစီမံချက် (Master Plan Of River Water Conveyance Scheme)ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားပါရန်ဆိုတဲ့ အဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ထောက်ခံဆွေးနွေးသွားရတဲ့ အဓိကအချက်ကတော့(၂)ချက်ရှိပါတယ်။ ပထမအချက်ကတော့ ဒီ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် ဟာ ဒီအဆိုကို Data ပေါင်းများစွာနဲ့ အချက် အလက်ပေါင်းများစွာ စုဆောင်းပြီးတော့လုပ်တဲ့ ဦးမျိုးမြင့် ရဲ့ ကြိုးစားအားထုတ်မှုအပေါ်မှာ အသိအမှတ်ပြုတာ တစ်ချက်၊ နောက်တစ်ချက်ကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ Water Resourcess Management System ရေကို စနစ်တကျစီမံခန့်ခွဲမှု လိုအပ်နေတာ ဒါကို ပြည်ထောင်စုအစိုးရအနေနဲ့ ဂရုပြုမိဖို့ လိုအပ်ပြီလို့ ယူဆတဲ့အတွက်ကြောင့် ဒီ အဆိုကို ထောက်ခံဆွေးနွေးခြင်းဖြစ်ပါတယ်။

ပထမအနေနဲ့ ဦးမျိုးမြင့် အဆိုကို ထောက်ခံမဆွေးနွေးခင်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ကနေ့ (Water Resourcess)အခြေအနေကို တင်ပြချင်ပါတယ်။ မြန်မာနိုင်ငံရဲ့ အသက်သွေးကြောဖြစ်တဲ့ ဒီ ဧရာဝတီမြစ်ကြီး အရင်အဆိုတွေမှာလည်း ကျွန်တော်ဆွေးနွေးဖူးပါတယ်။ တစ်နေ့ထက် တစ်နေ့ ရေနည်းလာပါတယ်။ ရေနည်းလာတဲ့ အကြောင်းအရင်းက ဥပမာ Data အတိအကျပြောလို့ရှိရင် ၂၀၁၀ မတိုင်ခင်တုန်း က ၁၉၈၈ နဲ့ ၂၀၁၀ ဒီနှစ်ပေါင်း (၁၄)၊ (၁၅)နှစ်အတွင်းမှာ ဧရာဝတီမြစ်ရေဟာ Water Level (၂)မီတာ (၆)ပေလောက် ကျသွားပါတယ်။ ဒါတွေက ကျွန်တော် အရင်လည်း တင်ပြခဲ့ပါတယ်။ ဘယ်မှာ ဒါတွေဟာ အမှတ် မထင်ဖြစ်သလဲဆိုတော့ ပုဂံ၊ ညောင်ဦးမှာ ညောင်ဦးမြို့ရေပေးရေးအတွက် ဒိန်းမတ်နိုင်ငံက အင်ဂျင်နီယာတွေ ကိုယ်တိုင်လာပြီးတော့ မြန်မာနိုင်ငံ ဧရာဝတီမြစ်ရဲ့ အနည်းဆုံးရေအမှတ်ကို ယူပြီးတော့ water in take pipe တွေလုပ်ပြီးတော့ ညောင်ဦးမြို့ရေပေးဖို့ စီမံကိန်းလုပ်ခဲ့ပါတယ်။ မြစ်ရေနည်းသွားတဲ့အခါကျ ဒီနေ့ နွေရာသီမှာဆိုလို့ရှိရင် အဲဒီပိုက်တွေက ရေပေါ်မှာ (၆)ပေလောက်ပေါ်နေပါတယ်။ ဒါဟာ ၂၀၁၀ မှာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ အခု ပြန်ပြီးတော့ ၂၀၁၅ ခုနှစ်ရောက်တဲ့အခါကျတော့ ဘာဖြစ်လဲဆိုတော့ အဲဒီထက်အောက်ကို ထပ်ပြီးတော့ (၃)ပေလောက်ကျသွားပါတယ်။ ပြောရင် ၁၉၈၈ နဲ့ ဒီ ၂၀၁၅ အတွင်းမှာ ဧရာဝတီမြစ်ရေ Water Level ဟာ (၉)ပေလောက်

ကျသွားပါတယ်။ ဒါတွေက ကျွန်တော်တို့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မှတ်တမ်းမှတ်ရာတွေအရ ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ပြောရရင် ရေ(၉)ပေ လောက်ကျသွားတော့ ဧရာဝတီမြစ်ထဲကို သင်္ဘောမောင်းလို့တောင် မရဘူးဆိုတဲ့ သဘောရှိပါတယ်။ သို့သော် မြစ်တွေရဲ့ပြုပြင်ပြောင်းလဲတဲ့သဘော သူ့ River behaviour ပေါ့၊ River morphology လို့ ပြောလို့ရတယ်။ River bed ကို သူ့ဘာသာပြုပြင်သွားတဲ့အတွက် သင်္ဘောတွေတော့ မောင်းလို့ရပါ တယ်။ သို့သော်ရေနည်းနေပါပြီ။ ဒါတွေကိုလည်း ကျွန်တော် ဦးမျိုးမြင့် အဆိုကိုတင်ပြရင်းနဲ့ ကျွန်တော်တို့ နိုင်ငံမှာ ရေတဖြည်းဖြည်းနည်းလာပြီ၊ နောင်လာနောက်သားတွေအတွက် ဘာပဲဖြစ်ဖြစ် ဒီ Water Management လုပ်ဖို့လိုနေပြီဆိုတာကို ကျွန်တော်တင်ပြချင်တာပါ။

ဒီကိစ္စတွေကိုလည်း နိုင်ငံတော်ပြည်ထောင်စုအစိုးရ သိတဲ့အတွက်ကြောင့် ပြည်ထောင်စု အစိုးရ အခု ကျွန်တော်တို့ National water resources management committee ဆိုပြီးတော့ ဒုတိယသမ္မတ ဦးညာဏ်ထွန်း ခေါင်းဆောင်ပြီးတော့ ကျွန်တော်တို့ ရေနဲ့သက်ဆိုင်တဲ့ဌာနတွေ ပေါင်းပြီးတော့ ဒီကိစ္စ လုပ်နေပါတယ်။ အဲဒီတော့ water resources management မလုပ်ခင် သူတို့ ပထမဦးဆုံး အခု Water Policy ပေါ့၊ ရေမူဝါဒဆိုတာကို သူတို့ဆွဲနေပါတယ်။ ဒီဟာကတော့ ပထမအဆင့် အောင်မြင်သွားပါပြီ၊ အဲဒီတော့ ကျွန်တော်တို့က အခု ဆိုလိုတာက ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုဟာ ကျွန်တော်တို့ စဉ်းစားသင့်စဉ်းစားထိုက်တဲ့ အဆို တစ်ခုပါ။ နောက်တစ်ခု ကျွန်တော်တို့ ထောက်ခံဆွေးနွေးတဲ့ အကြောင်းအရင်းက ဒီ ကိစ္စက ခုလုပ်လို့ ခုဖြစ်တာမဟုတ်ပါဘူး။ ဒီကိစ္စ အဆိုအပေါ်မှာ ပြည်ထောင်စုအစိုးရလက်ခံ ဆွေးနွေးတယ် ဆိုရင်တောင်မှ ကျွန်တော့်အမြင်မှာ မြန်မာပညာရှင်တွေနဲ့တင် မဖြစ်ပါဘူး။ နိုင်ငံခြားက ဒီ Farm တွေ၊ နိုင်ငံခြားကုမ္ပဏီတွေ လွှတ်ပြီးတော့ နိုင်ငံခြားကုမ္ပဏီတွေရဲ့ အဆိုကို Feasibility Study လုပ်ဖို့ကိုက (၄)၊(၅)(၆)နှစ်လောက်ကြာမှာပါ။ ဆောင်ရွက်ဖို့ဆိုတာ အများကြီးလိုပါသေးတယ်။

အဲဒီတော့ ကျွန်တော့်အမြင်ကတော့ ကျွန်တော်တို့ နိုင်ငံရဲ့ နောင်အနာဂတ်ရဲ့ ရေအရင်းအမြစ် သယံဇာတတွေ မဆုံးပါးရေးအတွက် ကျွန်တော်တို့ လုပ်သင့်ပါတယ်။ ဘာလို့လဲဆိုတော့ ခုန ကျွန်တော် စကားဆက်ပြောရရင် ကျွန်တော်ခုနရေ (၉)ပေလောက်နည်းသွားတယ်ဆိုတာ ကျွန်တော်တို့နိုင်ငံမှာ ဒီ Pre-Feasibility study တွေ သေချာမလုပ်ခဲ့လို့ အခုလို ရေနည်းသွားတဲ့ဖြစ်ရပ်တွေပါ။ ဆည်မြောင်းက ကျွန်တော်တို့ ဒီ မြစ်တွေ၊ ချောင်းတွေပိတ်တယ်။ တစ်ခါ ဆည်မြောင်းတုန်းက အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် အရာရှိတစ်ယောက်နဲ့ ကျွန်တော်ဆွေးနွေးဖူးပါတယ်။ ကျွန်တော်တို့ မြစ်တွေ၊ ချောင်းတွေပိတ်ပြီးတော့ ဆည်ရေယူတာက Two percent၊ Three percent ရှိတယ်လို့ ပြောပါတယ်။ တကယ်တော့ မိုးရာသီကာလမြစ်တွေက သူ့ရဲ့လအလိုက် monthly Hydrograph ရှိပါတယ်။ လအ လိုက်ရေနေတဲ့နှုန်းရှိပါတယ်။ လအလိုက်ရေရှိတယ်။ ရေများတဲ့အချိန်မှာ ဧရာဝတီမြစ်က ရေအလျှံပယ် ပေါတဲ့အချိန်မှာ ဒီ Two Percent၊ three Percent ယူထားတဲ့ဟာက ပြဿနာမရှိပေမယ့် အခုလို ဖေဖော်ဝါရီလ၊ မတ်လရေနည်းရာသီ ရောက်တဲ့အချိန်မှာ မြစ်ထဲကိုစီးဝင်တဲ့ ချောင်းတွေမြောင်းတွေကို ပိတ်ပြီး ဆည်ဆောက်ထားတဲ့အတွက်ကြောင့် ဧရာဝတီမြစ်ထဲမှာ ခုလိုရေ(၉)ပေလောက် နည်းသွားတာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ဥပမာ တာပိန်တို့ ရွှေလီတို့ ခုကျွန်တော်တို့ မုန်းချောင်းတို့ မန်းချောင်းတို့မှာ Hydro Power တွေ ထုတ်တယ်။ မြစ်တွေပိတ်ထားတယ်။ နွေမှာ မိုးတွင်းကာလတော့ ဧရာဝတီ မြစ်ရဲ့ပင်မရေစီးကြောင်း၊ ပင်မရေထုရဲ့စီးနှုန်းအရ အကြောင်းထူးမရှိပေမယ့် နွေရာသီရေနည်းတဲ့

အချိန်မှာ အများကြီး ဒါတွေက ထိရောက်တဲ့ပံ့ပိုးမှုဖြစ်ပါတယ်။ အဲဒီတော့ ဒီ ချောင်းလေးတွေကို ပိတ်ပြီးတော့ Hydro Power ထုတ်တဲ့အစား ဧရာဝတီမြစ်ရေ နောက်ဆုံးပင်လယ်ထဲထွက်ပေါက်၊ ပင်လယ်ကိုထွက်သွားမယ့်ရေ တကယ်ဆုံးရှုံးတော့မယ့်အချိန်ကျမှ ဒီနေရာမှာ ဆည်ဆောက်ပြီးတော့ Hydro Power လုပ်လို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝပတ်ဝန်း ကျင်လည်း ဒီလောက်ပျက်ဆီးမှာ မဟုတ်ပါဘူး။ ဧရာဝတီမြစ်ထဲလည်း ဒီလောက်ရေနည်း သွားမှာမဟုတ် ပါဘူး။ အဲဒီတော့ အခု ကျွန်တော် ဦးမျိုးမြင့် အဆိုကို ထောက်ခံတင်ပြရင်းနဲ့ ကျွန်တော် ပြောချင်တာကတော့ ကျွန်တော်တို့က ရေကို စနစ်တကျသုံးစွဲသင့်ပြီ။ Water Management ကိုသေချာလုပ်သင့်ပြီဆိုတဲ့ အကြောင်းပါ။ ဘာလို့လဲဆို ကျွန်တော်တို့က ခုနက ရန်ကုန်တိုင်းက ဦးခင်ရွှေ လည်း ပြောသွားပါတယ်။

ကျွန်တော်တို့တွေက သဘာဝကို သဘာဝအတိုင်းထားခဲ့တာ။ ဦးမျိုးမြင့်တင်သွင်းတဲ့ ခုတရုတ်ပြည်ရဲ့ တောင်မှ မြောက်သို့မဟာစီမံကိန်းဆိုတာကို သူ အားကျပြီးတော့ ဒီအဆိုကို တင်ပြတယ်လို့ပြောပါတယ်။ ကျွန်တော်တို့ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ခုသဘာဝကို သဘာဝအတိုင်း တင်တော့ ရေတွေလည်း သဘာဝအလျောက်ရေတွေက အလဟဿဆုံးရှုံးပြီး ပင်လယ်ထဲသွားသလို ဒီ့ပြင်နိုင်ငံတွေမှာ ဒီ River Net Work ကွန်ရက်ပါ။ ခု ဦးမျိုးမြင့်တင်သွင်းတဲ့အဆိုမျိုး။ သံလွင်မြစ်ရေယူသလိုမျိုး၊ တရုတ် ပြည်မှာ ဒီလိုလုပ်ငန်းတွေက အများကြီးပါ။ ဘာလို့လဲဆိုတော့ ဥပမာ Grand canal ဆိုတာရှိပါတယ်။ တရုတ်ပြည် မိုင်တစ်ထောင် ကျော်ရှိပါတယ်။ အဲဒီ Grand canal ကို တရုတ်ပြည်က သူ့နိုင်ငံသဘာဝ အလျောက်မဟုတ်ပါဘူး။ လူနဲ့ ဖောက်တာပါ ။ ဒီမိုင်တစ်ထောင်ကျော်ကို အဲဒီ Grand canal နဲ့ ယန်စီမြစ်ကို ဆက်တယ်။ တူးမြောင်းလေးတွေ၊ ဥပမာဆို ကျွန်တော်တို့ မြန်မာပြည်က ဒီတိုင်း နေခဲ့ကြလို့ပါ။ ဥပမာ ချင်းတွင်းမြစ်မှာ တစ်ဖက်ကမ်းမှာ ဟုမ္မလင်းဆိုတဲ့မြို့ ရှိပါတယ်။ ဧရာဝတီ မြစ်ဘက်ကမ်းမှာ ဗန်းမော်ရှိပါတယ်။ ပြောလို့ရှိရင် မြစ်ထဲမှာ ဟိုဘက် ဒီဘက်လိုပါပဲ။ ဖြတ်သွားလိုက်လို့ ရှိရင်တော့ ရေကြောင်းကဖြတ်သွားရင်တော့ သွားလို့မရဘူး။ တကယ်လို့ အဲဒီ သင်္ဘောတစ်စီးက ဟုမ္မလင်းကနေပြီးတော့ ဗန်းမော်သွားချင်တယ်ဆိုရင် ဟုမ္မလင်း ကနေပြီးတော့ ပခုက္ကူလောက် ထိဆင်းသွားရပါသေးတယ်။ ချင်းတွင်း မြစ်ဝ ပခုက္ကူကမှ မန္တလေး ဆန်တက် မန္တလေးကမှ ဗန်းမော်ထိ သွားတယ်။

နိုင်ငံတကာမှာ အဲဒီလိုနေရာမှာ River Network ကွန်ရက်လုပ်ပါတယ်။ ကျွန်တော်တို့ ချင်းတွင်းနဲ့ ဧရာဝတီကို ဖြတ်ဖောက်ပြီးတော့ ဟိုဘက်ဒီဘက် တူးမြောင်းလုပ်လိုက်ရင် ကြားထဲမှာလည်း ရေတွေဖြတ်သွားတဲ့နေရာကရွာတွေ ရေသုံးလို့ရသလို ရေလမ်းကြောင်း Navigation အများကြီး သက်သာသွားမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ အဲလို သဘာဝအလျောက်မဟုတ်ဘဲနဲ့ လူတွေပြုပြင်လုပ်ထားတဲ့ ဒီရေလမ်းကြောင်းတွေ၊ ရေပေးတူးမြောင်းတွေက အများကြီးပါ။ အဲဒီတော့ ကျွန်တော်တို့ ထောက်ခံဆွေးနွေးတဲ့အကြောင်းက ဖြစ်နိုင်တဲ့စီမံကိန်းတစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုက ဒီ ခုနက စီမံကိန်းဟာ ကျွန်တော်တို့ဆွေးနွေးခဲ့တဲ့ ကျွန်တော်တို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စိတ်ပူနေတဲ့ ကိစ္စပါ။ ဒီခေတ်ကြီးက ကွန်ပျူတာခေတ်တစ်ခုဖြစ်နေပါပြီ။ Project တစ်ခု မစခင်မှာ ဒီဟာကို Feasibility Study လုပ်ပါတယ်။ တကယ်လို့ ဒီလိုဒီလိုဆောက်လိုက်လို့ရှိရင် ဘယ်လိုဖြစ်သွား မလဲ။ ဘယ်နေရာရေဝပ်မလဲ။ ဘယ်နေရာ ရေရောက် မလဲ။ ရေစီးနှုန်းတွေ ဘယ်လိုဖြစ်သွားမလဲ။ Computer နဲ့အကုန် Program လုပ်လို့ရပါတယ်။ နောက်တစ်ခါ ဆည်တွေ၊ ဘာတွေ တည်ဆောက်တဲ့အခါမှာလည်း ခုခေတ်က ကွန်ပျူတာနဲ့တွက်ချက်တဲ့စနစ်ပါ။ ခုနက ကျွန်တော်တို့၊ ဒီပြည်ထောင်စုကြီးမှာ ဘယ်သူ့ကိုမှ

သာစေနာစေမဟုတ်ဘူး။ ကျွန်တော်တို့ တကယ်လို့ဖြစ်လာရင် မွန်ပြည်နယ်ကို ရေ ဘယ်လောက်လွှတ်မလဲ။ ဒီဘက်ကို ဘယ်လောက်လွှတ်မလဲ။ ဒါတွေကအစ ဒီခေတ်ကြီးမှာ Computer Control ပါ။

ဒါကြောင့်မို့ ကျွန်တော် ခုနတင်ပြသလို ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အဖွဲ့တွေနဲ့လည်း မလုံလောက်ပါဘူး။ ဒါတွေကို တကယ်လုပ်မယ်ဆိုရင် နိုင်ငံခြားကအင်ဂျင်နီယာ Farms တွေ လုပ်ပြီးမှ ဒီကောင်ကို Pre-Study လုပ် လုပ်ပြီးတော့မှ သူတို့ကနေပြီး ဒါကိုဖြစ်နိုင်ခြေ ရှိ/မရှိ ကွန်ပျူတာ mathematical model နဲ့ ကွန်ပျူတာစနစ်နဲ့ ဒီလုပ်ငန်းကို တကယ်လုပ်လိုက်လို့ရှိရင် ဘယ်နေရာရေ ဘယ်လိုရမလဲ ဖြစ်ပါတယ်။ ဘယ်နေရာရေမရောက်ဘူး။ ဘယ်နေရာရေဖုံးမယ် စသဖြင့် ဒါမျိုး Control လုပ်လို့ရသလို အောက်က အထက်ကိုလည်း အခက်အခဲမရှိအောင် လုပ်နိုင်တဲ့ခေတ် ရောက်ပါပြီ။ ကျွန်တော်တို့က အထူးတင်ပြချင်တာကတော့ တကယ်တော့ ကျွန်တော်တို့ ဒီ ကျွန်တော်တို့နိုင်ငံမှာ ရေပေါလို့သာ။ ကျွန်တော်တို့မှာ ရေပေါတယ်ဆိုပေမယ့် ကျွန်တော်တို့က ရေကိုအကျိုးရှိအောင် မသုံးနိုင်ပါဘူး။ ကျွန်တော် ပြီးခဲ့တဲ့မေလတုန်းက မြင်းခြံနယ်ထဲက ရွာတစ်ရွာရောက်ပါတယ်။ ကျွန်တော့်အသိမိတ်ဆွေတစ်ယောက်ကခေါ်လို့ ရေလှူဒါန်းပွဲပါ။ ရွာတစ်ရွာမှာ ရေမရှိပါဘူး။ မြင်းခြံကနေပြီးတော့ ရေဘောက်ဆာ(၄)စီးနဲ့ သွားလှူတာပါ။ လေးစီးသွားလှူတော့ ကျွန်တော် မေးကြည့်တယ်။ ရေလာတော့မှ သူတို့ စည်ပိုင်းလေးတွေ၊ ခွက်ကလေးတွေနဲ့ လာခံရပါတယ်။ ကျွန်တော်မေးကြည့်တယ်။ ဒါဘာလုပ်မှာလဲဆိုတော့သုံးရေပဲတဲ့။ ချိုးရေကတော့ လူတွေချိုးဖို့ရေမတတ်နိုင်ဘူး။ချိုးရေမရှိဘူး။ တကယ်လို့ရေချိုးရင် သူတို့ တွင်းလေးတူးထားပြီးတော့ အဲဒီတွင်းထဲမှာ လူကဆင်းပြီးတော့မှ ရေချိုးပြီးတော့ ဒီရေကို ပြန်ပြီးတော့ ကျွဲတွေ၊ နွားတွေသောက်ရတာ။ ရေ တကယ်အခက်အခဲဖြစ်တဲ့နေရာတွေကျတော့ တကယ်အခက်အခဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က ဘာပဲဖြစ်ဖြစ် ဒီ ဦးမျိုးမြင့်ရဲ့ ကြိုးစားအားထုတ်မှုကိုလည်း အသိအမှတ်ပြုရာရောက်တဲ့သဘော။ နောက်တစ်ခု တကယ် ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဒါက တကယ်လိုအပ်နေပါတယ်ဆိုတာပါပဲခင်ဗျား။

ဒီလိုအပ်နေတာတစ်ခုကို ပထမဆုံး First Start လုပ်ဖို့ကိုပဲ ကြိုးစားရမှာပါ။ ကျွန်တော်တို့က သဘောတူလိုက် ရင် နောက် ဒါလည်း ကျွန်တော်ထင်တယ်။ ကျွန်တော်တို့အတွေ့ အကြုံအရ ဒီ Pre-Feasibility လုပ်တာကိုက အစိုးရသက်တမ်း လေးငါးနှစ်လောက်ကြာမှာပါ။ ဒါနောင်အတွက်ကို ကြိုတင်ပြင်ဆင်ထား တဲ့အတွေးပါ။ ခု ကျွန်တော်တို့ ကျွန်တော်သိသလောက် ခုဆည်မြောင်းကလုပ်နေတဲ့ Project တော်တော်များများဆိုရင် ဟိုတုန်းက (ပြည်တော်သာခေတ်က) ဒီ study လုပ်ထားတဲ့ဟာတွေ ဒီ ကျွန်တော်တို့ ဒီဘက်ခေတ်မှာ ပြန်ပြီးအကောင်အထည်ဖော်တာပါ။ ဒါကြောင့်မို့ ကျွန်တော်တို့ လုပ်ထားခြင်းကတော့ မမှားပါဘူး။ ဒါကြောင့်မို့ ထောက်ခံ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဘယ်သူ့ကိုမှလည်း အကျိုးမယုတ်နိုင်ပါဘူး။ ဒီဘက်ခေတ်ကြီး တိုးတက်လာတဲ့အတွက်ကြောင့် ရေကိုလည်းစနစ်တကျ ခွဲဝေသုံးစွဲလို့ရပါတယ် ဆိုတာ တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ် ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၄၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။ ဒီနေ့မနက် ကျွန်တော်ကြားခဲ့တဲ့ BBC သတင်းတစ်ခုကို တင်ပြပါရစေ။ ဒါကတော့ ဒီနေ့ တရုတ်ပြည်မှာတဲ့ Carbon ထုတ်လုပ်မှုကို ပတ်သက်လို့ရှိရင် သတ်မှတ်ထားတာထက် (၅)နှစ်လောက်စောပြီးတော့ သူတို့ရည်မှန်းချက်ပြည့်နေပြီလို့ ပြောပါတယ်။ အဓိကကတော့ တရုတ်ပြည်က စွမ်းအင်နဲ့ ပတ်သက်လို့ရှိရင် ကျောက်မီးသွေး၊ ရေနံ စတဲ့ Carbon ထုတ်လုပ်မှုများတဲ့ Energy တွေကို အဓိကသုံးနေတာပါ။ ဒါကြောင့် ဒီဟာတွေဟာ ဒီ Carbon ထုတ်လုပ်မှုများပြီး ကမ္ဘာ့ရာသီဥတု Change တဲ့အတွက် ဒါကို ထုတ်လုပ်မှုလျှော့ချဖို့အတွက် တရုတ်က သဘောတူစာချုပ်ချုပ်တာမှာ (၅)နှစ်လောက် စောပြီး ချုပ်နိုင်တယ်လို့ပြောပါတယ်။ အဓိကအားဖြင့်တော့ သူတို့စွမ်းအင်သုံးစွဲမှုမှာ ပြန်လည်ပြည့်ဖြိုးမယ့်စွမ်းအင်ကို ပြန်ပြီးတော့ အဓိကထားပြီး သုံးမှာဖြစ်ပါတယ်။ ဒီကာဗွန် ထုတ်လုပ်မှုလျော့ကျတယ်လို့ဆိုပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြလိုတာက ဒီနေ့ ကမ္ဘာကြီးဟာ စွမ်းအင်နဲ့ပတ်သက်လာလို့ရှိရင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ရေအားလျှပ်စစ်စွမ်းအင်မျိုးတွေကို အဓိကဖောင်းပေးပြီးထားတယ်ဆိုတာ ပေါ်လွင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျာ။ ဒီအဆိုဟာ ပထမဦးဆုံး စတင်မြစ်ဖျားခံတာကတော့ ၁၉၈၀ လမ်းစဥ်ပါတီ ခေတ်ကလို ရှေ့မီ၊ နောက်မီရှိတဲ့ အဆိုရှင်က တင်ပြပါတယ်။ အခု ဒီအဆိုကို အခု ၂၀၁၅ ခုနှစ်၊ နှစ်ပေါင်း (၃၀)နှစ်လောက်ကြာတဲ့အခါကျတော့မှ ဒီအဆိုရှင်ဟာ ဆိုရင် သူ့ရဲ့ ပညာ၊သဘာ အတွေ့အကြုံ နဲ့ Modified လုပ်ပြီးထပ်မံတင်ပြတာပါ။ အဲဒီတော့ ဒီ ၁၉၈၀ မှာတင်တဲ့အဆိုတစ်ခုဟာ နှစ်ပေါင်း(၃၅)နှစ်ကြာမှ ပြန်ပြီးတော့ဆန်းသစ်လာတာဆိုလို့ရှိရင် ဒီနှစ်ပေါင်း ၃၅ နှစ် အတွင်းမှာ ဘာတွေပြောင်းလဲခဲ့လဲ ဆိုတာ ဒါတွေကြည့်ရမှာပါ။ ဥက္ကဋ္ဌကြီးခင်ဗျာ။ ကမ္ဘာကြီးဟာ ပြောင်းလဲသွားပါပြီ။

အဓိကပြောင်းလဲတာက Climate Change ပါ ရာသီဥတုပြောင်းလဲမှုဖြစ်ပါတယ်။ ဒါဖြင့် ဒီရာသီဥတုပြောင်းလဲမှုချိန်းဟာ ကျွန်တော်တို့နဲ့ မဆိုင်ဘူးလားဆိုလို့ရှိရင် ကမ္ဘာမှာ ရာသီဥတုချိန်းတဲ့ ပတ်သက်လို့ အဆိုးဝါးဆုံး(၁၀)နိုင်ငံထဲမှာ ကျွန်တော်တို့နိုင်ငံဟာ ဒုတိယဖြစ်ကြောင်း ကမ္ဘာ့ရာသီဥတုအဖွဲ့ တင်ပြထားတာရှိပါတယ်ခင်ဗျာ။ ဒါကြောင့် ကျွန်တော်တို့ဟာ ရာသီဥတုပြောင်းလဲမှုနဲ့ ပတ်သက်လို့ အထိခိုက်ဆုံးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် လက်တွေ့တင်ပြရမယ်ဆိုလို့ရှိရင် အခု ဒီ အဆိုတင်ပြတဲ့ ဒီ ဇွန်လဆန်းထိအောင် ကျွန်တော်တို့ ပျဥ်းမနားမှာ မုတ်သုံမိုးကောင်းကောင်းမဝင် သေးပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျာ။ အားလုံးဟာ ပူလောင်ကော့ပြန်နေတာပါပဲ။ တကယ်ရာသီဥတုပြင်းတဲ့အခါမှာ air con တွေလည်းမနိုင်တော့ပါဘူး။ ကျွန်တော်တို့က ဒီလိုအခြေအနေဆိုးတဲ့အခါမှာ ကျွန်တော်တို့နဲ့ အိမ်နီးနားချင်းဖြစ်တဲ့အိန္ဒိယမှာ လူနှစ်ထောင်ကျော်လောက် သေသွားပါပြီ။ ဒါ ရာသီဥတုက လူသတ်သမားလိုတောင်ဖြစ်နေပါပြီခင်ဗျာ။ ကျွန်တော်တို့ ရေနဲ့ပတ်သက်လို့ရှိရင် ဒီ ရေနဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့က မုတ်သုံမိုးနဲ့ပတ်သက်လို့က မဆွေးနွေးလို့မရပါဘူး။ မုတ်သုံမိုးက ကျွန်တော်တို့ ဒီနှစ်မှ နောက်ကျတာလားဆို မဟုတ်ပါဘူးခင်ဗျ။ မိုးလေဝသပညာရှင် ဒေါက်တာ ထွန်းလွင်က တဖွဖွဟောပြီး ၁၉၈၅-၈၆ လောက်ကစပြီးတော့ မုတ်သုံလေဟာအဝင်လည်း နောက်ကျနေပါပြီ။ ဝင်တာလည်းနောက်ကျနေပါပြီ။ ဝင်လာတဲ့အခါမှာလည်းအားပျော့နေပါပြီ။ အထွက်လည်း စောနေပါပြီခင်ဗျ။ ဒီတော့ မုတ်သုံလေနဲ့အတူပါမယ့် ကျွန်တော်တို့က မိုးရေတွေကလည်း အလွန်ကိုလျော့နေပါပြီ။

ပြီးခဲ့တဲ့ရက်ပိုင်းမှာပဲ သူ့ရဲ့တင်ပြချက်ထဲမှာ မြန်မာနိုင်ငံမှာတဲ့ တစ်နှစ်ကို ဘင်္ဂလားပင်လယ်အော်နဲ့ကပ္ပလီပင်လယ်မှာ မုန်တိုင်းတွေ (၁၂)လုံးလောက်ထိဖြစ်နေတယ်ဆိုပြီး ခုချိန်မှာဆိုရင် (၄)လုံးလောက်ပဲရှိပါတော့တယ်။ ခုလည်း လက်တွေ့ကာလမှာ မိုးဦးကာလကိုကျော်ဖြတ်လာပြီး မုန်တိုင်းတစ်လုံးမှမဖြစ်ပါဘူး။ သူ့ရဲ့ခန့်မှန်းချက်ကတော့လာမယ့် စက်တင်ဘာလအတွက် မုန်တိုင်းမဖြစ်တဲ့အတွက် မုန်တိုင်းနဲ့အတူပါ မယ့်မိုးရေကိုလည်း မျှော်လင့်လို့မရပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မုတ်သုံလေနဲ့ပတ်သက်တဲ့ မိုးရေတစ်နည်းအားဖြင့်လေထဲကရေက ကျွန်တော်တို့ မျှော်လင့်လို့ မရတော့ပါဘူး။ ကျွန်တော်တို့အတွက် အခွင့်အလမ်းနည်းနေပါပြီ။ ဒီတော့ ဒီလေထဲကနေပြီး တော့ရတဲ့ရေမုတ်သုံလေ ကျွန်တော်တို့မရတဲ့အတွက် ဘာတွေလုပ်နိုင်လဲဆိုလို့ရှိရင် ဘာမှမလုပ်နိုင်ဘူးလို့ပဲ ပြောရမှာဖြစ်ပါတယ်။ ဘာလို့လဲဆို မုတ်သုံလေထဲမှာ လေထဲမှာမိုးတွေဖြစ်အောင် ကျွန်တော်တို့ အတတ်ပညာစွမ်းအားတွေနဲ့ ကျွန်တော်တို့ မဖန်တီးနိုင်ပါဘူး။ ကျွန်တော်တို့ ဒါနဲ့ပတ်သက်လို့ လည်စင်းခံရုံမှ တစ်ပါးပဲရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံရဲ့အကျိုးပေး ကျွန်တော်တို့နိုင်ငံမှာ အဓိကအားဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံကို ဖြတ်စီးနေတဲ့ဧရာဝတီမြစ်နဲ့ပတ်သက်လို့ ဧရာဝတီမြစ်ထဲမှာ ရေတွေရှိတဲ့အတွက် ဧရာဝတီမြစ်ကြီးကို ကျွန်တော်တို့ လေ့လာကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဧရာဝတီမြစ်ကြီးဟာ ဆိုလို့ရှိရင် ဒီနှစ်ပေါင်းများစွာထဲမှာဆို ဒီ ကျွန်တော်တို့ ရာသီဥတုပြုန်းတီးမှု သစ်တောပြုန်းတီးမှု ရာသီဥတုပြုန်းတီးမှုဟာဆိုလို့ရှိရင် နုန်းမြေဖြစ်တဲ့အတွက်ကြောင့် ဧရာဝတီမြစ်ကြမ်းပြင်ဟာ တဖြည်းဖြည်းမြင့်တက်နေပါပြီခင်ဗျ။ ဧရာဝတီမြစ်က မြင့်တက်ပြီးတော့ မုတ်သုံမိုးကနည်းတဲ့အတွက်က ရေ Level က နိမ့်နေ ပါပြီ။

အဲဒီတော့ ဘယ်လိုဖြစ်လဲဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံ ကျွန်တော်တို့ ဒီရန်ကုန်ကနေပြီး ညောင်ချောင်းသာကို ကျွန်တော်မနှစ်က သွားကြည့်ပါတယ်။ ကြည့်တဲ့အခါမှာ ကျွန်တော်တို့ နွေရာသီမှာသောင်တွေထွန်းပြီးတော့ ဧရာဝတီမြစ်ကြီး က မျက်စိတစ်ဆုံးသောင်ပြင်ကြီးလိုဖြစ်နေပါတယ်။ ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့က ဧရာဝတီမြစ်မှ ဟုတ်ပါလေစလို့ ဖြစ်ပါတယ်။ ဒီ ကျွန်တော်တို့ ပြည်ဘက်လောက်မှာဆိုလို့ရှိရင် ဧရာဝတီမြစ်ကို ဖြတ်ကူးရင် ဒီပေါင်လယ်လောက်ပဲရှိတယ်လို့လည်း သိရပါတယ်ခင်ဗျ။ အဲဒီတော့ ဧရာဝတီမြစ်ရဲ့ရေဟာဆိုလို့ရှိရင် တော်တော်လေးနည်းပါးနေပြီဖြစ်ပါတယ်။ အရင်တုန်းကတော့ ဧရာဝတီမြစ်နဲ့ပတ်သက်လို့ရှိရင် ရာဇဝင်ထဲကသတို့သမီးလို့ဆိုပြီး ကျွန်တော်တို့ တင်စားခဲ့တာရှိပါတယ်။ ဒါပေမဲ့ အခုလက်ရှိအချိန်မှာတော့ ဧရာဝတီဟာ သတို့သမီးအဆင့် မဟုတ်တော့ပါဘူး။ ဧရာဝတီဟာ ဆေးရုံတက်ရမယ့်လူမမာအဆင့်ကိုရောက်နေပါပြီခင်ဗျာ။ နောက်ပြီးတော့ရှိရင် ဒီ ကျွန်တော်တို့ ဒီဧရာဝတီမြစ်ထဲမှာ ဘယ်လိုပဲပြောပြောရေရှိတယ်။ ဒီရေနဲ့ပတ်သက်လို့ရှိရင် ဒီရေကိုယူဖို့အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့က အဓိက ဧရာဝတီမြစ်က Level နိမ့်နေတဲ့အတွက်က ဒီ ကျွန်တော်တို့ ဒီ Level အနိမ့်ကနေ အမြင့်တင်ဖို့ဆိုရင် ကျွန်တော်တို့ ပါဝါသုံးရပါတယ်ခင်ဗျာ။

ဒီ ပါဝါသုံးတာနဲ့ပတ်သက်လို့ရှိရင် ဒီ စက်မှု Mechanical power electrical power တွေ သုံးရပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် ဥပမာ တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရန်ကုန်မှာ (ကန်ထရိုက်) တိုက်တွေ ခြောက်ထပ်တိုက်တွေ ဆောက်နေပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့ အောက်မှာ အဝီစိတွင်းတူးပါတယ်။ အဝီစိတွင်းကရေကို ကျွန်တော်တို့က Mechanical Pump တွေနဲ့ အောက်ကို စုပ်တယ်။ စုပ်ပြီးလို့ရှိရင် electrical pump တွေနဲ့ ကျွန်တော်တို့ တိုက်ခေါင်မိုးကို တင်ရပါတယ်။ အဲဒီတော့ရေမှာက ဂုဏ်သတ္တိအနေနဲ့ဆိုလို့ရှိရင် ဓာတုဂုဏ်နဲ့ ရူပဂုဏ် နှစ်မျိုးရှိပါတယ်။ ဓာတု

ဂုဏ်မှာဆိုလို့ရှိရင် ဟို ကျွန်တော်တို့ အဝီစိထဲကရေနဲ့ တိုက်ခေါင်မိုးပေါ်ရောက်တဲ့ရေဟာ ဓာတုဂုဏ်တွေဟာ အတူတူပဲ ကျွန်တော်တို့ ပြောလို့ရပါတယ်။ ဒါပေမဲ့ ရူပဂုဏ်ကျလို့ရှိရင် ဟိုး အဝီစိထဲကရေက ကျွန်တော်တို့ ဘယ်လိုမှ သုံးလို့မရတဲ့ရေပါ။ ဒါကို Mechanical power၊ electrical power တွေ သုံးပြီး တိုက်ခေါင်မိုးပေါ်ရောက်တဲ့အခါကျမှ ကျွန်တော်တို့ သုံးရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ရေဟာ ကျွန်တော်တို့အတွက် အသုံးဝင်တဲ့ရေဆိုတာ Yupa Potential power ရှိနေတဲ့ရေမှသာ ကျွန်တော်တို့က သုံးလို့ရပါတယ်ခင်ဗျာ။

အဲဒီတော့ ဧရာဝတီမြစ်ရဲ့ရေဟာ Potential power မရှိပါဘူး။ အောက်မှာရောက်နေပါတယ်။ အဝီစိကရေလိုဖြစ်နေပါတယ်။ ဒီရေကို ကျွန်တော်တို့က electrical power Mechanical power တွေပေးမှသာ ကျွန်တော်တို့အတွက် အသုံးဝင်မှာပါ။ အဲဒီတော့ ကျွန်တော်တို့က ပါဝါနဲ့ ပတ်သက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာ အရမ်း Shortage ဖြစ်ပါတယ်။ လျှပ်စစ်ပါဝါနဲ့ ပတ်သက်လို့ ရှိရင်လည်း သမင်မွေးရင်းကျားစားရင်းဖြစ်ပါတယ်။ ဒီကျားကသာကြီးကြီးလာပါတယ်။ သမင်က တဖြည်းဖြည်းသေးလာတဲ့သဘောရှိပါတယ်။ လျှပ်စစ်နဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ ကြီးမား ကျယ်ပြန့်တဲ့ဧရိယာ ဖြစ်တဲ့ အတွက် ဒီပါဝါထုတ်လုပ်ရေးအပိုင်းတွေ အကုန်လုံးကလည်း distribution အပိုင်းတွေကလည်း အားနည်းချက် အများကြီးရှိပါတယ်။ အဲဒါကြောင့် ဒီဟာကို မတွက်မိဘဲနဲ့ ကျွန်တော်တို့ တစ်ချိန်က ဧရာဝတီမြစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်တာပါ။ မအောင်မြင်ပါဘူး။မအောင်မြင်တာက အဓိက အချက်ကတော့ အခြားအချက်တွေရှိပေမဲ့ အဓိကအချက်ကတော့ ကျွန်တော်တို့မှာ ပါဝါမသုံးနိုင်လို့ပါပဲ။ အထူးအားဖြင့် အဝီစိကရေကို ကျွန်တော်တို့ တိုက်ခေါင်မိုးပေါ် မတင်နိုင်သလို ဧရာဝတီမြစ်ရေကို ကျွန်တော်တို့ အပေါ်ပိုင်းကို မတင်နိုင်တာပါ။ ဒါက ကျွန်တော်တို့ ဧရာဝတီမြစ်နဲ့ပတ်သက်လို့ အဓိက စိန်ခေါ်မှုပါပဲ။ ဒါကြောင့် ဧရာဝတီမြစ်နဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့က ဒီ electrical power တွေနဲ့ပတ်သက်လို့ ကျွန်တော်တို့က စီမံခန့်ခွဲမှု မလုပ်သရွေ့ ကတော့ ဧရာဝတီမြစ်ကရေကို ကျွန်တော်တို့က မျှော်လင့်လို့မရပါဘူးခင်ဗျာ။

အဲဒီတော့ ကျွန်တော် ဆက်လက်တင်ပြချင်တာက ဒီ ကျွန်တော်တို့နိုင်ငံမှာ အဓိကမြစ်ကြီးဖြစ်တဲ့ ဧရာဝတီမြစ်ရေအပြင် နောက်ထပ် အဓိကကျတဲ့ မြစ်ကတော့ သံလွင်မြစ်ဖြစ်ပါတယ်။ ဒီ သံလွင်မြစ်ရဲ့ ထူးခြားချက်ကတော့ ကျွန်တော်တို့ ဒီ တရုတ်ပြည်ကုန်းမြေပိုင်းကို ဒီကနေဖြတ်စီးပြီးလို့ရှိရင် ကျွန်တော်တို့ ရှမ်းကုန်းပြင်မြင့်ကို ဖြတ်စီးတယ်။ နောက် ဒီမှာ ကယားပြည်နယ်မှာဖြတ်စီးပြီးလို့ရှိရင် ကယားပြည်နယ်မှာ အနိမ့်အမြင့် မြင့်နေတုန်းပဲ။ အဲဒီကနိမ့်ဆင်းတဲ့အခါမှာ ဒီ လျှပ်စစ်ဓာတ်အားလိုင်းတွေရတယ်။ နောက်တစ်ခါဆိုလို့ရှိရင် ကျွန်တော်တို့ ဒီ ကရင်ကိုဖြတ်တယ်။ မွန်ကိုဖြတ်တယ်။ အဲဒီတော့ ဒီသံလွင်မြစ်ရဲ့ ဒီပြောရလို့ ရှိရင် တရုတ်ပြည်နဲ့ ကျွန်တော်တို့မြန်မာနိုင်ငံကို လုံးလုံးဝင်တယ်။ ဝင်ပြီးလို့ရှိရင် ကရင်ပြည်နယ် နယ်စပ်မှာတောင် ကျွန်တော်တို့ ဒီ ထိုင်းနဲ့ မြစ်ကို ဟိုဘက်ဒီဘက် ခွဲဝေသုံးရတဲ့ အဆင့်ရှိပါတယ်။ အဲဒီတော့ ဒီ သံလွင်မြစ်ရဲ့ ရေဟာ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ရေချင်းတူ ဓာတုဗေဒဂုဏ်ချင်းအရ ဧရာဝတီမြစ်ရေနဲ့သံလွင်မြစ်ရေဟာ ဓာတုဂုဏ်ရည်ချင်းတူပါတယ်ခင်ဗျ။ ဒါပေမဲ့ ရူပဗေဒဂုဏ်က အလွန်ကွာခြားပါတယ်။ ဒီ သံလွင်မြစ်ရေက ကျွန်တော်တို့ power တွေပေးပြီးတော့တိုက်ပေါ်တင်ထားတဲ့ရေသကဲ့သို့ mechanical potential မြင့်နေတဲ့ရေပါ။ ဒီဟာဆိုလို့ရှိရင် ကျွန်တော်တို့က အမြင့်မှာဖြစ်နေတဲ့အတွက် ကျွန်တော်တို့လိုရာ သုံးနိုင်ပါတယ်။ နောက်ဒီရေဟာဆိုလို့ရှိရင် အမြင့်ကနေ အနိမ့်ကိုဖြတ်တဲ့အခါမှာ အကယ်၍ လျှပ်စစ်ဓာတ်အားနဲ့ ထုတ်ပေးရမယ်ဆိုလို့ရှိရင် လျှပ်စစ်ဓာတ်အားနဲ့ ထုတ်ပေးပါတယ်ခင်ဗျ။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ ဒီစွမ်းအင်နဲ့ပတ်သက် လို့က မိုင်းနပ်စ်ပြနေတဲ့ဟာ ကျွန်တော်တို့က ထပ်ပြီး စွမ်းအင်ကိုထပ်ပြီး သုံးစွဲလို့မဖြစ်နိုင်တော့ပါဘူး။ စွမ်းအင်ကိုရဖို့ပဲ စဉ်းစားရပါမယ်။ စွမ်းအင်လည်း ရရမယ်။ ရေလည်းရရမယ်။ ဒီ Way ကိုပဲ စဉ်းစားရ မှာဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်လို့တော့ အနီးစပ်ဆုံးနေရာ ကျွန်တော်တို့အတွက် သံလွင်မြစ်ပါပဲ၊ ဒါကြောင့် ဒီသံလွင်မြစ်ကြီး ဟာ အမြင့်မှာရှိတဲ့ရေ၊ potential ရှိတဲ့ရေ၊ ဒါ ကျွန်တော့်အတွက်ကတော့ သဘာဝဘုရားသခင်က ကျွန်တော်တို့နိုင်ငံအတွက် ပေးထားတဲ့ရေပဲလို့ပဲ ကျွန်တော်တို့ ပြောရမှာ ဖြစ်ပါတယ်။

ဒီရေနဲ့ပတ်သက်လို့ရှိရင် တူးမြောင်းဖောက်ဖို့က ဒီကျွန်တော်တို့ နိုင်ငံကြီးထဲမှာ ရှမ်းကုန်းမြင့် ကရေက မြင့်တယ်။ ရေလှဲ့နေရာရှိတယ်။ ရေလှဲ့နေရာ ပွိုင့်တွေဟာဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသနဲ့ ကျွန်တော်တို့ ဒီအဆိုရှင်တင်ပြတဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းထဲကို ဖြတ်ဖို့အတွက် တူးမြောင်း အရှည်ကြီး ဖောက်ရမလားဆိုတော့လည်း မဟုတ်ပြန်ဘူးခင်ဗျ။ ဒီတူးမြောင်းကြီးကလည်း ဖောက်ပြီးသား ဖြစ်ပါ တယ်။ ဒီ တူးမြောင်းကြီးက မြစ်ငယ်မြစ်ပါ။ ဒီတော့ ဒီသံလွင်မြစ်နဲ့ မြစ်ငယ်ကြားထဲမှာ ပထမဆုံး Fact အနေနဲ့မိုင်(၂၀)လောက်ရှိတဲ့ တူးမြောင်းတစ်ခုကို ဖောက်တာနဲ့ကို ဒီမြစ်ကရေ ကျွန်တော်တို့ ဒီရေတွေ ဟာ မြစ်ငယ်မြစ်ထဲရောက်မှာပါ။ ဒီမြစ်ငယ်မြစ်ထဲရောက်တဲ့ရေဟာ မြစ်ငယ်မှာလည်း ကျွန်တော်တို့က ရဲရွာ Dam ကြီးဆောက်ပြီးသွားပြီ။ ဒီ Dam ကြီးအတွက်ကြိုပြီးတော့ ဒီ Dam ကြီးဟာ ပိုပြီးအင်ပြည့် အားပြည့်လည်ဖို့အတွက် ကျွန်တော်တို့က ရေတွေယူဦးမှာပဲ။ အဲဒီတော့ ပထမဦးဆုံး ကျွန်တော်တို့ သံလွင်ကနေပြီးတော့ မြစ်ငယ်မြစ်ထဲကူးတဲ့ ဒီတူးမြောင်းဖောက်ဖို့ကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံ မှာလည်း တူးမြောင်းဖောက်တဲ့အတွေ့အကြုံရှိပါတယ်။ ဥပမာအားဖြင့် ပုံတောင်ပုံညာမှာ မီးရထား သံလမ်းကြီးဖောက်တာပါ၊ ကျောက်ဆောင်ကြီးကိုဖောက်တာပါ။ ကျွန်တော့်သူငယ်ချင်းတွေ ဖောက်တာ ပါ။ ကျွန်တော်တောင် ရယ်စရာပြောပါသေးတယ်။ ဘက်နှစ်ဘက်ဖောက်တော့ ခင်ဗျားတို့ လမ်းမှာ လွဲကြသေးလားဆိုတော့ မလွဲ ပါဘူးတဲ့၊ ကျွန်တော်တို့ အားလုံးကွက်တိပါပဲတဲ့။

ဆိုလိုတဲ့သဘောက ကျွန်တော်တို့ဆီမှာ ကျောက်ဆောင်ဖောက်တဲ့နည်းပညာတော့ ရှိပါတယ်။ ဒီဟာ ရထားလမ်းဖောက်ရတယ်။ လေဝင်လေထွက်စနစ်တွေပါတယ်။ လျှပ်စစ်ဓာတ်အားပေးစနစ်တွေ ပါတယ်။ အခုဟာကတော့ အဲဒီလောက်တောင်အဆင့်မမြင့်တဲ့ ရိုးရိုးရေပဲဖြတ်မယ်။ တူးမြောင်းဟာ ကျွန်တော်တို့ စင်ကာပူတို့ ဘာတို့မှာဆိုလို့ရှိရင် ကီလိုမီတာ(၂၀)(၃၀)လောက်ကို ပျားပန်းခပ်မျှဖောက်နေ တာပါ။ သူတို့ဆီမှာ ရှိတဲ့ စက်တွေလည်း ကျွန်တော်မြင်ဖူးပါတယ်။ ဂျာမနီကစက်တွေပါပဲ။ မြေအောက်ထဲကိုချပြီးတာနဲ့ စက်က သူဟာသူမြေအောက်ထဲမှာ ရွေ့သွားတာပါပဲ။ အဲဒီစက်နောက်က လူလိုက်သွားရုံပါပဲ၊ အဲဒီတော့ ဒီတူးမြောင်းဖောက်တဲ့ ပညာဟာကမ္ဘာမှာ အထူးအဆန်းမဟုတ်တော့ ပါဘူး။ ဒီနေ့ခေတ်ပညာအရဆိုရင် စက်တွေဟာဆိုရင် အလွယ်တကူရတဲ့ပညာဖြစ်ပါတယ်။ မိုင်(၂၀) ကျော်ပြီး တူးမြောင်းအားလုံးပေါင်းမှ မိုင်(၅၀)လောက် ဖောက်တယ်ဆိုတာမျိုးကလည်း ကမ္ဘာမှာရှိတဲ့ နည်းပညာအရ အလွန်လွယ်ကူတဲ့နည်းပညာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့က ရေချင်းတူပေမယ့် မတူဘူး၊ မြန်မာပြည်မှာ ရှိတဲ့ မြစ်တွေထဲမှာ သံလွင်မြစ်က potential မြင့်နေတဲ့မြစ်၊ ကျွန်တော်တို့ကို သဘာဝဘုရားသခင်က ပေးထား

တဲ့စွမ်းအင်ရှိတဲ့မြစ်၊ ရေရော၊ စွမ်းအင်ရော ကျွန်တော်တို့ နှစ်ခုလုံးရတဲ့မြစ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီ ဧရာဝတီမြစ်ရေတင် လျှပ်စစ်စီမံကိန်းတွေဟာ မအောင်မြင်ခဲ့တာလည်း ကျွန်တော် တို့က သင်ခန်းစာကောင်းကောင်းယူရမှာဖြစ်ပါတယ်။

နောက်တစ်ခု ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့က ဒီ ဧရာဝတီမြစ်ရေကို ကျွန်တော်တို့ သံလွင်မြစ်ရေကို ထိပ်ပိုင်းကသုံးလို့ရှိရင် အောက်ပိုင်းဖြစ်တဲ့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တွေက ဘာဒုက္ခဖြစ်မလဲဆိုပြီးတော့ ကျွန်တော် ဒီဘက်က ကရင်ပြည်နယ်အမတ်တွေ စိုးရိမ်ပူပန်တာလည်း ကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ ဒီအဆိုရှင်ကလည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွက် Project ပါပါတယ်။ ဒီ Project ကဘာလဲဆိုလို့ရှိရင် ဒီလှိုင်းဘွဲ့မှာ Dam တစ်ခု သံလွင်မြစ်ကိုပိတ်ပြီးတော့ Dam တစ်ခုဆောက်ဖို့ပါ။ ဒီဆောက်တဲ့ Dam ကြောင့်ဆိုလို့ရှိရင် သံလွင်မြစ်က ခုနပြောတဲ့ ဒီလှိုင်းဘွဲ့မှာရှိတဲ့ Dam ကြောင့်ဟာ နောက်ဆုံးဒါက ကျွန်တော်တို့ ဥက္ကဋ္ဌကြီးခင်ဗျား။ သံလွင်မြစ်ကြီးဟာစီးဆင်းနေတာ၊ မိုင်ပေါင်းထောင်ချီတဲ့ခရီးမှာ နောက်ဆုံးခရီးဟာလှိုင်းဘွဲ့ပါပဲ၊ ဒီလှိုင်းဘွဲ့ကိုမှ ထပ်ပြီးကျော်လို့ရှိရင် ကျွန်တော်တို့က ဒီ သံလွင်မြစ်ကြီး နိဂုံးချုပ်၊ သံလွင်မြစ်ဆိုတာက နိဂုံးချုပ်ပြီးတော့ ပင်လယ်ရေဖြစ်တော့ မှာပါ။ ဒါဟာ ခုနပြောတဲ့ ဦးစိုးမြင့်ပြောသလို သံလွင်မြစ်ကြီးရဲ့ မိုင်ပေါင်းထောင်ချီရှိတဲ့ သံလွင်မြစ်ကြီးရဲ့ နောက်ဆုံးပေးတဲ့ အခွင့်အရေးပါပဲ။ ဒီအခွင့်အရေးမှာ ကျွန်တော်တို့က ကျွန်တော်တို့ အောက်မှာ ဘာမှမရှိတော့တဲ့အတွက် ပင်လယ်ပဲရှိတဲ့အတွက် ဒါဟာ ကျွန်တော်တို့ နောက်ဆုံးအခွင့်အရေးတွေ ယူရမှာပါ။

ဒီအတွက်လည်း လှိုင်းဘွဲ့မှာ Dam ကြီးတစ်ခုလောက်ဆောက်ပြီး Dam ကြီးကနေပြီးတော့ ဘယ်ညာ ကျွန်တော်တို့ တူးမြောင်းတွေ ပေးမယ်ဆိုလို့ရှိရင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်တွေမှာ ခုန အမတ်ပြောသလို ရေစုပ်စက်မလိုဘဲနဲ့ အလွယ်တကူရေရမှာပါ။ ဒါဟာ ကရင်ပြည်နယ်၊ မွန်ပြည်နယ် အတွက်ကလည်း လက်ဆောင်ပါပါတယ်။ ဒါဟာသူတို့အတွက်ဘယ်လိုမှ ဒီ Dam ကြီးသာ၊ လှိုင်းဘွဲ့ Dam ကြီးသာမြင်လိုက်လို့ရှိရင် သူတို့ အလွန် သဘောကျသွား မှာဖြစ်ပါတယ်။ ဒီ Dam ကြီးကြောင့် မြစ်ရေလွှမ်းမိုးစီမံကိန်းတွေပျက်ပြီး မရှိတော့ဘူး၊ ရေကိုအချိန်မရွေးရမယ်။ နောက်တစ်ခုက ကျွန်တော် စင်္ကာပူမှာ ဒီ ပါလီမန်လေ့လာရေးခရီးရောက်တော့ စင်္ကာပူကလူတွေက ဘာပြောလဲဆိုရင် ခုနလွှတ်တော် ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးတဲ့အထဲမှာ ပါပါတယ်။ ခင်ဗျားတို့ဗျာတဲ့ ကျွန်တော်တို့စင်ကာပူမှာလူက (၄)သန်းလောက်ရှိတယ်။ နိုင်ငံခြား ဧည့်သည်ခရီးသွားက ကျွန်တော်တို့လူထက်တောင်ပိုများတယ်။ ဒီလူတွေ ကျွန်တော်တို့ကျွေးဖို့၊ မွေးဖို့အတွက်ကို အပြင်ကလေယာဉ်နဲ့ရေလမ်း၊ ကုန်းလမ်းနဲ့စားစရာ၊ သောက်စရာတွေ ကျွန်တော်တို့မှာနေရတယ်ဗျာတဲ့။ အဲဒီတော့ ခင်ဗျားတို့လည်းစားစရာ၊ သောက်စရာတွေ ကျွန်တော်တို့ မပို့ပေးနိုင်ဘူးလားဆို၊ သူတို့ တောင်းတောင်းပန်ပန် ပြောတာပါ။ ဒါကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ် ဆိုတာမျိုးဟာလည်း သူရဲ့ဈေးကွက်ဖြစ်တဲ့ မလေးရှား၊ ထိုင်း၊ စင်ကာပူနဲ့ တကယ့်စားသုံးမယ့်ဈေးကွက်တွေ ရှိပါတယ်။ သူတို့စိုက်ပျိုးနိုင်ဖို့အတွက် ကျွန်တော်တို့က ဒီဟုတ်လား Infrastructure ဖန်တီးပေးလို့ရှိရင် သူတို့ အလုပ်အကိုင်အခွင့်အလမ်းလေးတွေ ပိုပြီးသာလာမှာပါ။ ဒီဟာအတွက်ကလည်း အဲဒီမှာလည်းဧက(၁)သန်းခွဲလောက်ကို ကျွန်တော်တို့က ပြည့်စုံသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအလယ်ပိုင်းကလည်း ဧက(၁)သန်းခွဲလောက် ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်ကတော့လေ ကိုယ်စားလှယ်တွေက သူ့နယ်၊ ကိုယ့်နယ်ကို ခွဲပြီးဆွေးနွေးတာ ကျွန်တော်စိတ်မကောင်းပါဘူး။ ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်က

ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မှာပါ။ ရန်ကုန်မှာဆိုလို့ရှိရင် တိုင်းရင်းသားပေါင်းစုံရှိပါတယ်။ ကချင်၊ ချင်း၊ ရခိုင်၊ ကရင် အများကြီးပဲ၊ ကျွန်တော့် စိတ်ထဲမှာ ဘာမှ ခွဲခြားမှုမရှိပါဘူး၊ သူတို့ဒေသမှာ ဒုက္ခရောက်လို့ ကျွန်တော်တို့ရန်ကုန်မှာ လာနေတာ။ ကျွန်တော်နားလည်တယ်။ သူတို့ဒေသက ကျွန်တော့်ထက်ဖွံ့ဖြိုးရင် ကျွန်တော် သူတို့ဆီသွားနေမှာပဲ။ အဓိကက ကျွန်တော်တို့တိုင်းပြည်ဟာ ဒေသဖွံ့ဖြိုးရေးရာနဲ့ စီးပွားရေး ရာ အဓိကကျပါတယ်။ အဓိကကတော့ ဒီငြိမ်းချမ်းရေးကိစ္စမရှိလို့၊ ရှိလို့ ပြောတာဆိုပေမယ့် အဓိကက ငြိမ်းချမ်းရေးမရှိတာလည်း စီးပွားရေးမဖွံ့ဖြိုးလို့ပါ။ ငတ်ပြတ်နေတဲ့ တစ်ဖက်နဲ့တစ်ဖက် စစ်ကလေးတွေ ဖြစ်နေတာမှာ ငြိမ်းချမ်းရေးချိုးငှက်လွှတ်နေမယ်ဆိုလို့ရှိရင် ငြိမ်းချမ်းရေးချိုးငှက်က ဒီအရသာရှိသော ချိုးကင်ပဲဖြစ်သွားမှာပါပဲ။ အဓိကကတော့ ငြိမ်းချမ်းရေးက တိုက်ရိုက်လုပ်လို့မရပါဘူး။ အဓိကက စီးပွား ရေးကဆင်ပါပဲ စီးပွားရေးကဆင်သာလုပ်လိုက်ပါ၊ နှစ်ဖက်လုံး ငြိမ်းချမ်းသွားမှာဖြစ်ပါတယ်။ ဒီစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု စီးပွားရေးမဖွံ့ဖြိုးလို့ မငြိမ်းချမ်းတဲ့ဟာကို ငြိမ်းချမ်းရေးရအောင် လုပ်ဖို့ဆိုတာမျိုးက တော့ ဒါအပြောကြီးပဲဖြစ်မှာပါ စီးပွားရေးဖွံ့ဖြိုးအောင်လုပ်ဖို့ပါ။ စီးပွားရေးဖွံ့ဖြိုးလို့ရှိရင် မြန်မာနိုင်ငံ အလယ်ပိုင်း စီးပွားရေးဖွံ့ဖြိုးရင် ဒီနေရာကို ရခိုင်လည်းလာမယ်၊ ကရင်လည်းလာမယ်၊ ရှမ်းလည်း လာမယ်၊ ဗမာလည်းလာမယ်၊ ကျွန်တော်လည်းလာမှာပါ ဒါ စီးပွားရေးဖွံ့ဖြိုးတဲ့ နေရာကိုနေတာပါပဲ၊ ကျွန်တော်တို့တိုင်းပြည်မှာ သူက သာစေနာစေလို့ တွက်လို့မရပါဘူး။ သံလွင်မြစ်က ကရင်ပြည်နယ်မှာ ဆိုရင် သံလွင်ဟာထိုင်းနဲ့ ဟိုဘက်ဒီဘက်ခြားနေတာ ထိုင်းနဲ့စကားပြောရမှာ။ သံလွင်မြစ်နဲ့ ပတ်သက်လို့ အခုဟာက ထိုင်းနဲ့စကားမပြောရဘဲနဲ့ ကျွန်တော်တို့အချင်းချင်း စကားပြောရတာကိုက လွဲနေပါပြီ ဒါကြောင့် ကျွန်တော်တို့ဟာဆိုလို့ရှိရင် အဓိကတော့ စီးပွားဖွံ့ဖြိုးတိုးတက်တာကို ဖောင်းပေး ရမှာပါ။ ဒီနေ့ ကမ္ဘာကြီးမှာဆိုလို့ရှိရင် ဟိုဘက် ဒီဘက်ကလည်း တစ်ကမ္ဘာလုံးကိုတောင် ပတ်နေတဲ့ခေတ်မှာ နိုင်ငံတစ်ခု မှာ အရှေ့ အနောက် တောင် မြောက် ရွှေ့ဖို့ဆိုတာ အလွန်လွယ်ပါတယ်ခင်ဗျား။ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင်ကိုသာ ကျွန်တော်တို့လုပ်ရမှာပါ။ နောက်ပြီးတော့ ဒီကထုတ်တဲ့ လျှပ်စစ်ဓာတ်အားဆိုတာမျိုးက လည်း ကျွန်တော်ရန်ကုန်မှာနေပေမယ့် ဒီ လျှပ်စစ်ဓာတ်အား ကျွန်တော့်ဆီရောက်လာမှာပါ။ ကရင်ပြည် နယ်မှာလည်းရောက်ပါတယ်၊ တနင်္သာရီကိုလည်းရောက်တယ်၊ မန္တလေးကိုလည်း ရောက်မှာပါပဲ။ ဒါကြောင့် ကျွန်တော်တို့က စီးပွားဖွံ့ဖြိုးမှုတွေ၊ စွမ်းအင်နဲ့ ပတ်သက်တာတွေက ဝေမျှခံစားမှာပါ။ ဒီနေ့ ကမ္ဘာကြီးက စွမ်းအင်နဲ့ ပခုံးချင်းယှဉ်တာပါ။ ကျွန်တော်တို့ လူတွေက စားဝတ်နေရေး စားဝတ်နေရေးလို့ အော်ပေမယ့် တကယ့်အရာက ကမ္ဘာမှာ စားဝတ်နေရေးမဟုတ်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ပခုံး ချင်းယှဉ်တာ စွမ်းအင်ပါပဲ၊ စွမ်းအင်ဘယ်လောက် သုံးလဲဆိုပြီးပြောပါ တယ်။ ကျွန်တော်တို့ကမ်းလွန်မှာ သဘာဝဓာတ်ငွေ့တွေထွက်ပါတယ် စွမ်းအင်တွေပါပဲ ဒါပေမဲ့ ထွက်တဲ့ ဒီသဘာဝဓာတ်ငွေ့စွမ်းအင်တွေ မထုတ်သုံးနိုင်တဲ့အတွက် သူများကိုပေးသုံးပြီးတော့ ကျွန်တော်တို့က အချိုးကျယူနေရတဲ့အဆင့်ပါ။ အခု ရေစွမ်းအင်၊ လျှပ်စစ်စွမ်းအင်ကလည်း ကျွန်တော်တို့ လက်လှမ်းမီတဲ့အဆင့်ပါ ဒါကို ကျွန်တော်တို့ လုပ်ရ မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ တရုတ်ပြည်မှာ မူလတင်ပြသလိုပဲ ကျွန်တော်တို့ကပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုတာ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့မသုံးရင် ကျွန်တော်တို့က သဘာဝတွင်းထွက်စွမ်းအင်တွေထဲက ရေနံကို ဒီနေ့ကျွန်တော်တို့ထားခဲ့ရင် နောင်လာနောက်သားတွေသုံးလို့ရတယ်။ ကျွန်တော်တို့ ထားခဲ့လို့ ရတယ်။ ဒါပေမဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုတာ ဒီနေ့မသုံးရင်မနက်ဖြန်သုံးလို့မရတော့ဘူး။ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်သုံးဖို့အတွက်က အချိန်ကဘယ်တော့မှနောက်ကျတယ်ဆိုတာမရှိပါဘူး။ ဒါကို အမြန်ဆုံးသုံးဖို့သာ လုပ်ရမှာဖြစ်ပါတယ်။ ဒီနေ့သုံးရင် ဒီနေ့အမြတ်ထွက်မှာပါ တရုတ်ပြည်က ဒီနေ့

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကိုသုံးတဲ့အတွက် ကာဗွန်ထုတ်လုပ်မှုလျော့ကျတဲ့အတွက်ကမ္ဘာက သူတို့ကို ချီးကျူး ထောပနာ ပြုနေရပါပြီ။

ကျွန်တော်တို့ ဒီဟာဆိုရင် ကျွန်တော်တို့ရဲ့ ပြန်လည်ပြည့်ဖြိုးမှု ကာဗွန်မထုတ်လုပ်တဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖြစ်တယ်။ ကျွန်တော်တို့ သားစဉ်မြေးဆက်ရမယ့် စွမ်းအင်ဖြစ်တယ်။ ဒီစွမ်းအင်က ကျွန်တော်တို့ရှိလို့ မီရင်ကျွန်တော်တို့သုံးလို့ ရတယ်။ ဒီလို အနေးနဲ့အမြန်ဆုံး သုံးစွဲရမှာ ဖြစ်တဲ့အတွက် ဒီစီမံကိန်းက ဦးမျိုးမြင့် ရဲ့ အဆိုကို ထောက်ခံရုံတင် မကပါဘူးခင်ဗျ ဒီစီမံကိန်း အကောင်အထည်ဖော်ဖို့အတွက် နှစ်ပေါင်း (၃၅)နှစ်လောက် နောက်ကျနေကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ဖြိုးကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၃။**

**ဗိုလ်မှူးအောင်ဖြိုးကျော် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ရေ ၄၁၄၆ ဗိုလ်မှူး အောင်ဖြိုးကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် တင်သွင်းထားတဲ့ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ တောင်ပိုင်းဒေသကြီးတွေမှာ နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီး ရေနစ်မြုပ်မှု များကို ရေရှည်ကုစားပေးနိုင်မယ့် မြစ်ရေလွှဲပြောင်း သယ်ယူရေး စီမံကိန်း၊ မဟာစီမံချက်ကို အကောင် အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ ပတ်သက် ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အရှေ့ တောင်ပိုင်းဒေသတွေမှာ နှစ်စဉ်ခြောက်သွေ့ရာသီ ရေပြတ်လပ်မှု၊ မိုးရာသီ ရေကြီး ရေနစ်မြုပ်မှုများ ကို ရေရှည်ကုစားပေးနိုင်မည့် မြစ်ရေလွှဲပြောင်း သယ်ယူရေး စီမံကိန်း၊ မဟာစီမံချက် ချမှတ် အကောင် အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်း ခဲ့ပါတယ်။ အဆိုရှင်အနေနဲ့ သံလွင်မြစ်ရေ လွှဲပြောင်းသယ်ယူရေး စီမံကိန်း မဟာစီမံချက်ကို အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရှင်းလင်းတင်ပြထားတာကို တွေ့ရှိရပါတယ်။ သံလွင်မြစ် ဟာဆိုရင် တရုတ်နိုင်ငံရဲ့ အနောက်တောင်ဘက်၊ ဟိမဝန္တာတောင်တန်းရဲ့ မြောက် ဘက်မှ စတင်မြစ်ဖျားခံပြီးတော့ မြောက်မှတောင်ကို စီးဆင်းလာပြီးတော့ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နဲ့ ကရင်ပြည်နယ်တွေကိုပါ ဖြတ်သန်းလာပြီးတော့ မွန်ပြည်နယ် မော်လမြိုင်အနီးမှာ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့နဲ့ ပူးပေါင်းပြီးတော့ မုတ္တမ ပင်လယ်ကွေ့အတွင်းကို စီးဝင်သွားတဲ့ မြစ် ဖြစ်ပါတယ်။ အဆိုပါ သံလွင်မြစ်ရေကို ရေလှောင်တမံကြီးများ၊ တူးမြောင်းများနဲ့ သွယ်ယူပြီးတော့ မြန်မာနိုင်ငံ အလယ်ပိုင်းနဲ့ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တွေမှာ အသုံးပြုဖို့ အစီအမံများ တင်ပြထားတာကို တွေ့ရှိရပါတယ်။

ယခုကဲ့သို့ ရေသွယ်ယူခြင်း လုပ်ငန်းတွေ ကိုလည်း တရုတ်နိုင်ငံမှာ ဆောင်ရွက်ရာ အောင်မြင်ဖြစ်ထွန်းကြောင်း သာဓကအနေနဲ့ တင်ပြထားတာ တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေနဲ့ ပြည်သူအများရဲ့ အကျိုးစီးပွား တိုးပွားစေရန်အလို့ငှာ စေတနာရှေ့ထားကာ တင်ပြသွားတာကို တွေ့ရှိရပါတယ်။ အဆိုပါ တင်ပြချက်များ မှာ မှန်ကန်သော်လည်း ယခု ဆောင်ရွက်ရမယ့်လုပ်ငန်းဟာ လုပ်ငန်းပမာဏနဲ့ ငွေအရင်းအနှီး ၊ နည်းပညာလိုအပ်ချက်များအနေနဲ့ ကြီးမားတာကြောင့် ဖြစ်နိုင်/မဖြစ်နိုင် အမှန်တကယ် အကျိုးအမြတ် ရရှိမှုပမာဏ၊ ပတ်ဝန်းကျင်ဂေဟစနစ်ထိခိုက်မှုများကို အသေးစိတ် ဆန်းစစ်လေ့လာသုံးသပ်သွားဖို့ လိုအပ်ပါတယ်။ ရေသွယ်ယူမှုအပိုင်းအနေနဲ့ မြေနိမ့်လွင်ပြင်များကို ဖြတ်သန်းသွယ်ယူမှာဖြစ်ကြောင်း တွေ့ရ ပါတယ်။ ဒါကြောင့် ၎င်းမြေနိမ့်နေရာဒေသတွေမှာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒ့ါအပြင် မြစ်အောက်ပိုင်းတွေမှာ ရေစီးဆင်းမှု လျော့နည်းပြီးတော့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ပါတယ်။ မြစ်အတွင်းမှာ နေထိုင်ကျက်စားတဲ့ ငါးနဲ့ အခြားရေသတ္တဝါတွေရဲ့ အစာရေစာနဲ့ မျိုးပွားမှုကို ထိခိုက်နိုင်ပြီးတော့ မျိုးတုံးပျောက်ကွယ်သွားနိုင်ပါတယ်။ ဒ့ါအပြင် မြစ်ကိုမှီခိုပြီး လုပ်ကိုင် စားသောက်နေရတဲ့ ဒေသခံလူမျိုးများရဲ့ လူမှုအကျိုးစီးပွားကိုလည်း ထိခိုက်လာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရုတ်နိုင်ငံဟာ ဖွံ့ဖြိုးပြီး နိုင်ငံဖြစ်တဲ့အတွက် ငွေကြေး အရင်းအနှီး နည်းပညာ ပြည့်စုံတဲ့အတွက် ၎င်းလုပ်ငန်းတွေဟာ မခက်ခဲသော်လည်း မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲ နိုင်ငံအတွင်းမှာတော့ ဒီလုပ်ငန်းဟာ လုပ်ငန်းပမာဏ ကြီးမားပြီးတော့ ငွေကြေးအရင်းအနှီးများတာ ကြောင့် လောလောဆယ် မလွယ်လှပါဘူး။ ဒါကြောင့် ပြည်ပနိုင်ငံများမှ ငွေကြေးနဲ့ နည်းပညာအကူအညီ များ မလွဲမသွေရယူဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒ့ါအပြင် အချိန်တိုတိုအတွင်းမှာ ပြီးစီးနိုင်မှာ မဟုတ်ဘဲ နှစ်ပေါင်းအတန်ကြာ အချိန်ယူရမှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သံလွင်မြစ်ပေါ်မှာ ရေကာတာ တည်ဆောက်ပြီးတော့ ရေအားလျှပ်စစ် ထုတ်ယူဖို့ လျာထားတာ ရှိပါတယ်။ ၎င်းရေအားလျှပ်စစ်သာ ထုတ်လုပ်နိုင်မယ်ဆိုရင် ၎င်းဒေသမှာ လျှပ်စစ်မီးရရှိပြီးတော့ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ လျှပ်စစ်မီး ရရှိရင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီးတော့ ဒေသရဲ့စီးပွားရေးဟာလည်း အမှန်တကယ် တိုးတက်လာမှာ ဖြစ်ပါတယ်။ လျှပ်စစ်မီး ရရှိတယ်ဆိုရင် လျှပ်စစ်နဲ့ မြစ်ရေတင်စိုက်ပျိုးရေးကိုလည်း ကောင်းစွာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဒ့ါအပြင် ပြည်နယ်နဲ့တိုင်းဒေသကြီးများအလိုက် မူလတည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ဆည်များ ဖြစ်တဲ့ မြောက်ယမားဆည်၊ ဖြူးချောင်းရေလှောင်တမံ၊ ရဲနွယ်ရေလွှဲဆည်၊ ကျွန်းချောင်း ရေလွှဲဆည် စတဲ့ လုပ်ငန်းများကိုလည်း ပိုမိုထိရောက်စွာ အသုံးပြုနိုင်ပြီးတော့ ဒေသခံပြည်သူလူထု ချက်ချင်းအကျိုးဖြစ်ထွန်းစေမယ့် ဆောင်ရွက်သင့်တဲ့လုပ်ငန်းများကိုလည်း ပြည်ထောင်စုအစိုးရ အဖွဲ့ ရန်ပုံငွေ၊ တိုင်းဒေသကြီး/ ပြည်နယ် ရန်ပုံငွေများနဲ့ ဘဏ္ဍာငွေ ရရှိမှုပေါ် မူတည်ပြီးတော့ ဆောင်ရွက် လျက် ရှိကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြရမယ်ဆိုရင် သံလွင်မြစ်ရေ လွှဲပြောင်းသယ်ယူရေး စီမံကိန်းမဟာစီမံချက်ကို ဆောင်ရွက်မယ်ဆိုပါက အောက်ပါအချက်များကို ဂရုပြုဖို့ လိုအပ်ပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုစီးပွားပတ်ဝန်းကျင်ဆိုင်ရာ အသေးစိတ် လေ့လာဆန်းစစ်မှု များ EIA၊ SIA ကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ခြင်း၊ နိုင်ငံတကာ အကူအညီများ

လိုအပ်ခြင်း၊ ငွေကြေးအရင်းအနှီး များစွာလိုအပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုစနစ်များ လိုအပ်ခြင်း၊ ဒေသခံ တိုင်းရင်းသား လူမျိုးများရဲ့ ဆန္ဒရယူရန် လိုအပ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများနဲ့ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ခြင်း စတဲ့ အချက်များကြောင့် လောလောဆယ် ဆောင်ရွက်ရန် မသင့်ဘဲ မှတ်တမ်းအဖြစ်သာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၈။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနီနီအေး ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် ရဲ့ အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ခိုင်မာတဲ့ အရာတစ်ခုကို တည်ဆောက်တဲ့ နေရာမှာ ရေရှည်တည်တံ့ ခိုင်မြဲနိုင်ဖို့အတွက်ဆိုရင် အခြေခံကောင်းတွေ ရှိဖို့ အလွန် အရေးကြီးပါတယ်။ ကနဦးအစကတည်းက အခြေခံအုတ်မြစ် (Foundation) မခိုင်ခဲ့ဘူးဆိုရင် ဘယ်တည်ဆောက်မှုမျိုးမှ တာရှည်ခံမှာ မဟုတ်ပါဘူး။ အလားတူပဲ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အခြေခံ လိုအပ်ချက် တွေကို ကနဦးအစကတည်းက ကောင်းမွန်အောင် မလုပ်ဆောင်ထားဘူးဆိုရင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု ဟာ ကြာလေ ဝေးလေ ဖြစ်နေဦးမယ်ဆိုတာကို တင်ပြလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ပြည်တွင်းစစ်ရဲ့ ဒဏ်ကို နှစ်ပေါင်း (၇၀)နီးပါး ဆင်းရဲ နိမ့်ကျစွာ ခံစားခဲ့ရတဲ့ တိုင်းရင်းသားပြည်သူတွေဟာ ငြိမ်းချမ်းရေးကို လိုချင်ကြတယ်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ၊ လမ်းပန်းဆက်သွယ်ရေး စတာတွေကလည်း အဖက်ဖက်က နောက်ကျ ကျန်နေခဲ့ကြပါတယ်။ ဒါကြောင့် ဖြစ်ပျက်ခဲ့တဲ့ အကြောင်းရင်းခံ အမှန်ကို လက်ခံပြီး ပြုပြင် ပြောင်းလဲ သွားလိုတဲ့ အခြေခံကောင်းတွေ ရှိဖို့လိုတဲ့အတွက် ဒီအဆိုကို ထောက်ခံဆွေးနွေး ရခြင်းဖြစ်ကြောင်း ဦးစွာ တင်ပြလိုပါတယ်ရှင်။ ကျွန်မတို့ ပညာရှင်တွေ ရေးဆွဲထားတဲ့ စီမံကိန်းတွေကို အကောင်အထည်ဖော် ရတာမျိုးတော့ မလိုလားပါဘူး။ အဆိုရှင်ကလည်း ပြည်သူ့ကိုယ်စားလှယ်တစ်ဦး ဖြစ်တဲ့အတွက် အရင်ဆုံး ပြည်သူတွေရဲ့ လိုအပ်ချက်ကဘာလဲ၊ ဒီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် စီမံကိန်းမျိုးကို ပညာရှင်တွေက ရေးဆွဲပေးရမှာပါ။ ပြီးမှသာ ဒါကို အကောင်အထည်ဖော်ရတာမျိုး ဖြစ်သင့်တယ်လို့ ယူဆတဲ့အတွက် ထောက်ခံရတဲ့ အကြောင်းတစ်ရပ်လည်း ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျွန်မတို့ အမျိုးသားလွှတ်တော် သုတေသနဌာနရဲ့ သုတေသနစာတမ်းတို အမှတ်(၁၀)မှာ ရေသယံဇာတအုပ်ချုပ်မှု ဆိုတဲ့ ခေါင်းစဉ်နဲ့ စာတမ်းတိုတစ်စောင်ကို စာကြည့်တိုက်မှာ ကျွန်မ ဖတ်ရှုခဲ့ရပါတယ်။ အဲဒီစာတမ်း တိုထဲမှာတော့ ရေသယံဇာတ အုပ်ချုပ်မှုစနစ်ရဲ့အဓိပ္ပာယ်၊ ရေညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်ရတဲ့အကျိုး ဆက်များ၊ ရေသယံဇာတအပေါ် စိန်ခေါ်မှုများ၊ ရေအုပ်ချုပ်မှုဖြင့် ဖြေရှင်းခြင်း၊ ရေအရင်းအမြစ်နှင့် ပတ်သက်၍ အစိုးရ၏ ဆောင်ရွက်ချက်များ၊ ရေသယံဇာတနှင့် ပတ်သက်၍ လွှတ်တော်၏ ဆောင်ရွက်

ချက်များ၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ လွှတ်တော်များ၏ အခန်းကဏ္ဍ၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရေသယံဇာတအုပ်ချုပ်မှု တိုးတက်စေရန် ဆောင်ရွက်နိုင်မယ့် နည်းလမ်းများဆိုတဲ့ ခေါင်းစဉ်တွေပါတဲ့ စာတမ်းတစ်စောင်ကို ဖတ်ခဲ့ရပါတယ်။ စိတ်ဝင်စားဖို့လည်းကောင်းပြီး ဗဟုသုတလည်း အလွန်ရခဲ့ပါတယ်ရှင်။ ရေရဲ့ အခန်းကဏ္ဍဟာ များပြားလှတဲ့ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု များထဲက အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ရေသယံဇာတနှင့် ခွဲဝေပေးမှု ဖြန့်ဖြူးမှု လုပ်ငန်းများမျှတ အကျိုးရှိစေမှု မိုးရွာသွန်းမှုအပေါ် အခြေခံ၍ ရေထိန်းချုပ်မှု၊ ရေထိန်းချုပ်စီမံမှု နည်းလမ်းတွေကို စုစည်းဆောင်ရွက်နိုင်ရန် လိုအပ်မှု၊ လူမှုစီးပွားရေးဆိုင်ရာ ဆောင်ရွက်ချက်များနဲ့ ဂေဟစနစ်အကြား ရေသုံးစွဲမှု မျှတစေရန် လိုအပ်မှု စတဲ့ ရေနဲ့ပတ်သက်တဲ့ မူဝါဒ ဥပဒေ အဖွဲ့အစည်း တွေ ဖွဲ့စည်းချမှတ် ဆောင်ရွက်နေကြပါတယ်။

ကျွန်မတို့ နိုင်ငံမှာလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဥပဒေ၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ကာကွယ်စောင့်ရှောက်ရေး ဥပဒေ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၊ ရေအရင်းအမြစ်အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်း၊ မြန်မာ့အမျိုးသားအဆင့် ရေမူဝါဒ၊ အမျိုးသားအဆင့် ရေဥပဒေစတဲ့ ဥပဒေစည်းမျဉ်းစည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်း စီမံခန့်ခွဲမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ရည်ရွယ်ချက်ကောင်းတွေနဲ့ လုပ်ဆောင်နေတာ ရှိပါတယ်။ ဒါတွေကို ဖတ်လိုက်ရတော့မှ ရေရဲ့ လှည့်ဖြားမှုတွေ အများကြီး ရှိတယ်ဆိုတာကို သိခဲ့ရပါတယ်။ ဒါကလည်း ရေနဲ့ပတ်သက်တဲ့ ရေနဲ့ဆိုင်ရာ မူဝါဒတွေ ဖြစ်ပါတယ်။ အဆိုရဲ့ ရည်ရွယ်ချက်ကလည်းပဲ ရေရှည်အတွက် ဒါတွေကို အခြေခံပြီးတော့မှ ပြဋ္ဌာန်းထားတဲ့ ရေနဲ့သက်ဆိုင်တဲ့ ဥပဒေတွေရဲ့ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နေတာ ဖြစ်တယ်လို့ သုံးသပ်ရခဲ့ပါတယ်။ အဆိုမှာတင်ပြထားတာက ရေသယံဇာတ ပေါကြွယ်ဝတဲ့ သံလွင်မြစ်ရေကို သွယ်ယူပြီးတော့ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှား ရပ်ဝန်းဒေသအတွက် စိုက်ပျိုးမြေ၊ လယ်မြေတွေကို ရေပေးဝေမယ်။ ကျွန်မတို့ရဲ့ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ အနီးမှာ ရေလှောင်တမံတစ်ခုဆောက်ပြီးတော့ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ သီးထပ် သီးညှပ် စိုက်ပျိုးမြေတွေနဲ့ လယ်မြေတွေကို ရေပေးဝေနိုင်အောင် မိုးတွင်းကာလရေကြီးနစ်မြုပ်မှု ဘေးအန္တရာယ်က ကင်းလွတ်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တင်ပြထားတဲ့ စီမံကိန်းကြီးတစ်ခု ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ရာသီဥတုအခြေအနေ ရေအရင်းအမြစ် အခြေအနေတွေနဲ့ပတ်သက်ပြီးတော့ ကိန်းဂဏန်းတွေအရ သံလွင်မြစ်ကို သုံးစွဲမှုအနေနဲ့ သံလွင်မြစ်ပေါ်မှာ ရေအားလျှပ်စစ်စီမံကိန်း(၇)ခု လျာထားသတ်မှတ်ကာ လက်မှတ်ရေးထိုးခဲ့ပြီးတော့ နိုင်ငံတော်ရဲ့ လူမှုစီးပွားဘဝ ဖြည့်ဆည်းပေးမယ်လို့လည်း သိရပါတယ်။ ဒါပေမဲ့ EIA၊ SIA အကြောင်းပြုပြီး ကန့်ကွက်မှုတွေ ရှိနေတာကြောင့် အကောင်အထည်ဖော်နိုင်မှု မရှိသေးတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ သံလွင်မြစ်ဟာ မြန်မာနိုင်ငံအတွင်းမှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တွင် ဖြတ်သန်းစီးဆင်းပြီး မုတ္တမပင်လယ်အတွင်းကို စီးဝင်တာ ဖြစ်ပါတယ်။ သံလွင်မြစ်ရဲ့ အနေအထားကို ကြည့်မယ်ဆိုရင် ရေထုလည်း ကြီးတယ်။ ရေစီးနှုန်းလည်း များတယ်၊ ရေစီးသန်တယ် ပြီးတော့ သူက မတ်စောက်တဲ့ တောတောင်လျှိုမြောင်ကို ဖြတ်သန်းစီးဆင်းတာ ဖြစ်တဲ့အတွက်ကြောင့် မြစ်ရဲ့ အထက်ပိုင်းမှာ ရေလွှမ်းမိုးတာတွေ မတွေ့ရဘဲနဲ့ မြစ်အောက် ပိုင်းဖြစ်တဲ့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေမှာ မိုးရာသီဆိုရင် နှစ်စဉ် အမြဲ ရေကြီးလွှမ်းမိုးတာကိုတွေ့ရပါတယ်ရှင်။ ပြီးတော့ မြစ်ရဲ့အထက်ပိုင်း မြစ်ကမ်းဝဲယာမှာ စိုက်ပျိုးနိုင်တဲ့ မြေပြန့်လွင်ပြင်

နည်းပါးပြီးတော့ ကရင်ပြည်နယ် တောင်ပိုင်းနဲ့ မုတ္တမပင်လယ်ထဲကို မဝင်မီလောက်မှာသာ မြေပြန့် လွင်ပြင်ကို တွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့်ပဲ သံလွင်မြစ်ပေါ်မှာ ရေလှောင်တမံပဲဖြစ်ဖြစ်၊ ရေအား လျှပ်စစ် တမံပဲဖြစ်ဖြစ် တည်ဆောက်မယ်ဆိုရင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်ပြီးတော့ ရေလှောင် တဲ့ ပမာဏလောက်ပဲ ရေဝပ်ဧရိယာ ပေါ်ထွန်းနိုင်မယ်လို့ ယူဆထားကြတာ ဖြစ်နိုင်ပါတယ်။ ယခုအခါမှာ ကမ္ဘာ့ရာသီဥတု ဖောက်ပြန်တဲ့အတွက် နှစ်စဉ်လိုလိုပဲ မြန်မာနိုင်ငံအရပ်ရပ်မှာ မိုးတွေက ပုံမှန်ရွာ သွန်းတာထက် များစွာ လျော့နည်း ရွာသွန်းတဲ့အတွက် နွေရာသီမှာဆိုရင် မိုးရေနဲ့ စိုက်ပျိုးတဲ့ လယ်ယာမြေတွေ၊ ဆည်ရေသောက် လယ်ယာမြေ၊ စိုက်ပျိုးရေးအတွက် လိုအပ်တဲ့ ရေ၊ လူတွေအတွက် လိုအပ်တဲ့သောက်သုံးရေ၊ ကျွဲနွားတွေအတွက် လိုအပ်တဲ့ ရေရရှိဖို့ အခက်အခဲကြုံနေကြတာ အားလုံး အသိပဲ ဖြစ်ပါတယ်။ မိုးရာသီ ရောက်ပြန် တော့လည်း မိုးရွာသွန်းပုံသဏ္ဌာန် ပြောင်းလဲတဲ့အတွက် လယ်ယာမြေ နစ်မြုပ်ဆုံးရှုံးတာ၊ မြို့ရွာအိုးအိမ်တွေ ရေလွှမ်းတာ နှစ်စဉ် ကြုံတွေ့နေရပါတယ်။ ထိခိုက် ခံနေရတဲ့ အချိန်မှာတော့ နိုင်ငံတော်နဲ့ လူမှု အဖွဲ့အစည်းတွေ စေတနာရှင်များကတော့ အတတ်နိုင်ဆုံး ကူညီပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ထိရောက်မှု နည်းနေတယ်လို့ တင်ပြလိုပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် တင်ပြတဲ့ စီမံကိန်းရဲ့ မဟာစီမံချက် (Master Plan ) ကို အကောင်အထည်ဖော်ဖို့အတွက် ဆောင်ရွက်ရမယ့် လုပ်ငန်းအတိုင်းအတာ ပမာဏ အလွန် ကြီးမားခက်ခဲတယ်ဆိုတာကို ခန့်မှန်းလို့ရပါတယ်။ ဒါကြောင့် ပြည်တွင်းရော ပြည်ပပါ နည်းပညာ ကျွမ်းကျင်မှု အကူအညီရော ငွေကြေးအကူအညီတွေ ရယူပြီးမှ ဖြစ်ပြီး နိုင်ငံတော်က ဦးဆောင်ပြီးတော့ ရေရှည် မဟာစီမံချက် (Long Term Master Plan ) ချမှတ်အကောင်အထည်ဖော်ဖို့ လိုပါတယ်။ စီမံကိန်းအကောင်အထည်ဖော်နိုင်ဖို့အတွက် ကနဦး စီမံကိန်းဆိုင်ရာ ကြိုတင်ဆန်းစစ်လေ့လာမှုများ၊ ဒီဇိုင်းစနစ်များ အသေးစိတ် တွက်ချက်ရမယ့် အစီရင်ခံစာများ စတဲ့ ကြိုတင် ဆောင်ရွက်သွားရမယ့် လုပ်ငန်းနဲ့တင် အနည်းဆုံး (၆)နှစ် (၇)နှစ်လောက်တော့ အချိန်ယူရဦးမှာ ဖြစ်ပါတယ်။ ချက်ချင်းကြီး ဆောင်ရွက်လို့ရတဲ့ စီမံကိန်းမျိုးမဟုတ်ပါဘူး။ မြစ်ကမ်းဘေးနေ ဒေသခံတိုင်းရင်းသား ပြည်သူများ ကတော့ ဆည်တွေ တမံတွေ တည်ဆောက်လိုက်ရင် တို့မြေတွေပျောက်သွားမယ်၊ သံလွင်မြစ်ရေ စီးဆင်းမှု တွေ နည်းသွားမယ်၊ ရေနည်းသွားရင် ရေငန်တွေဝင်လာမယ် နုန်းတွေတင်လာမယ်။ တို့ရဲ့ စိုက်ပျိုးမြေတွေ ပျက်မယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်မယ်စတဲ့ စိုးရိမ်ပူပန်မှု မြောက်မြားစွာရှိနေပါတယ်။ ဒါတွေ အားလုံးကိုလည်း လက်ခံပါတယ်ရှင်။ ကျွန်မလည်း သံလွင်မြစ်ကမ်းမှာနေတဲ့ တိုင်းရင်းသူ တစ်ဦး ဖြစ်ပါတယ်ရှင်။ သူတို့တွေ စိုးရိမ်သလို ကျွန်မလည်း စိုးရိမ်ပါတယ်။ ကျွန်မတို့ရဲ့ စိတ်ခံစားချက်တွေကိုပဲ ရှေ့တန်းတင်နေမယ်ဆိုရင် ကျွန်မတို့ ဘာမှမလုပ်တော့ဘူးလား၊ ကျွန်မတို့ရဲ့ နောင်လာနောက်သား တွေကို အခုလို ဆင်းရဲပင်ပန်းနေ ရသလိုမျိုးပဲ ခံစားစေတော့မှာလားလို့ မေးစရာ ဖြစ်လာပါတယ်။

ကျွန်မတို့ လုပ်ပေးနိုင်တဲ့အချိန်မှာ မလုပ်ပေးခဲ့ရင် ကျွန်မတို့ တာဝန်ကျေတဲ့ ဘိုးဘွားတွေ သူတို့အတွက် ဖြစ်နိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်မတို့ နိုင်ငံခြားတိုင်းပြည် တစ်ခါသွားရင် တစ်ခါ ခံစားရပါတယ်။ လူချင်းအတူတူ အနေအထားချင်း၊ အဆင့်အတန်းချင်း ၊ ခံစားရမှုချင်း ကွာခြားနေတာကို စိတ်မကောင်းကြီးစွာ ဖြစ်ခဲ့ရပါတယ်။ ကျွန်မတို့နဲ့ သူတို့နိုင်ငံရဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် မတူညီ သေးတာဖြစ်တဲ့အတွက် လုံးဝပုံတူကူးချရမယ်လို့တော့ မဆိုလိုပါဘူးရှင်။ ကျွန်မတို့ စိုးရိမ်နေတဲ့ စိုးရိမ်မှု တွေမရှိတဲ့ အကျိုးဖြစ်ထွန်းစေမယ့် အာမခံနိုင်မယ့် စီမံကိန်းမျိုး တွေကိုတော့ လက်ခံရမှာ ဖြစ်ပါတယ်။ ကျွန်မရှေ့မှာ ဆွေးနွေးခဲ့သလို ပြောင်းလဲလိုတဲ့ အခြေခံစိတ်တွေ ရှိဖို့လိုကြောင်း ထပ်မံတင်ပြလို

ပါတယ်ရှင်။ ပြုပြင်ပြောင်းလဲနိုင်ဖို့ဆိုရင် ကာယစွမ်းအား၊ ဉာဏစွမ်းအားတွေနဲ့ အရှိန်အဟုန်မြှင့်ပြီး ဆက်လက်လျှောက်လှမ်းဖို့ လိုအပ်ပါတယ်။ စီမံကိန်းရဲ့အသေးစိတ် အစီရင်ခံစာထဲ မှာလည်း သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု၊ ဒေသခံပြည်သူတို့ရဲ့ဆန္ဒသဘောထား၊ စီမံကိန်းဆိုင်ရာ အကျိုးအပြစ်များ၊ အကျိုးကများသလား၊ အဆိုးကများသလား စတဲ့ အချက်အလက် ပေါင်းများစွာ ပါဝင်မှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ ဖွံ့ဖြိုးပြီးတိုင်းပြည်များကို လေ့လာ ကြည့်မယ်ဆိုရင် ကောင်းမွန်တဲ့စနစ်၊ ရေရှည်စီမံကိန်းတွေကြောင့် ဒီအကျိုးဆက်တွေကို သူတို့ ပြည်သူတွေ ခံစားနေရတာကို အားကျဖွယ်တွေ့မြင်နေရပါတယ်။ ကျွန်မတို့ နိုင်ငံကိုလည်း ဖွံ့ဖြိုးတဲ့ နိုင်ငံ ဖြစ်လာဖို့အတွက် အခြေခံကောင်းတွေ ဖြစ်တဲ့ စိုက်ပျိုးရေး ကဏ္ဍ ထွန်းကားလာစေဖို့ ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေဖို့ ၊ လျှပ်စစ် လိုအပ်ချက် ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်မယ့် ရေအားလျှပ်စစ်ကဏ္ဍ အစဉ် ရှင်သန်ဖွံ့ဖြိုးတိုးတက်စေဖို့ စတာတွေကို ရေရှည် ကုစားပေးရမှာဖြစ်တဲ့အတွက် ယခုကတည်းကစပြီး ရေရှည်စီမံကိန်းများ ရေးဆွဲအတည်ပြု အကောင်အထည်ဖော်နိုင်မှသာလျှင် ကျွန်မတို့အတွက်မဟုတ်ဘဲ ကျွန်မတို့ရဲ့ သားစဉ်မြေးဆက် နောင်လာနောက်သားတွေ ဒီအကျိုးဆက်ရဲ့အသီးအပွင့်ကို ခံစား စံစားသွားရမှာ ဖြစ်ကြောင်း တင်ပြရင်းနဲ့ မြစ်ရေလွှဲပြောင်း သယ်ယူအသုံးချရေးစီမံကိန်း မဟာစီမံချက်နဲ့ ဆက်စပ်တဲ့ အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်းပြည်ထောင်စုလွှတ်တော် အစည်းအဝေး ရှိတဲ့အတွက် ဆွေးနွေးဖို့ ကျန်တဲ့ ပုဂ္ဂိုလ်များ နောက်တစ်နေ့ကို ရွှေ့ဆိုင်းပါမယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၆၀)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၆၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၁)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၀)ရက်မြောက် နေ့ကို ၁၂း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]